# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၇ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၅၉]


**ဖတ်မှတ်လေ့လာခြင်းအကျိုး**

- ဖတ်မှတ်လေ့လာခြင်းတွင် ကောင်းစွာအားထုတ်သောသူသည် ဗဟုသုတအကြားအမြင် ပြည့်စုံတိုးတက်နိုင်၏။
- ဗဟုသုတအကြားအမြင်ဖြင့် အကြောင်းအကျိုးကို သိ၏။
- သိအပ်သော အနက်အဓိပ္ပာယ်သည် ချမ်းသာကို ဆောင်၏။

# ၂၁ ရာစု အခင်းအကျင်းမှာ မြေကြီးကရွှေသီးလာတဲ့ ရာဇဝင်ထဲက တောင်တော်ပုပ္ပား


သတင်းဆောင်းပါး-ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဓာတ်ပုံ-မျိုးမြင့်(သတင်းစဉ်)၊ မေဦးမိုး




ပုပ္ပားဒေသရှိ အောင်မြင်ဖြစ်ထွန်းနေသော နဂါးမောက်စိုက်ခင်းကို တွေ့ရစဉ်။

စိမ်းညို့နေသော တောင်တန်းကြီးများပေါ်တွင် မြူခိုးများလွင့်မျောနေသည်။ အညာဒေသဖြစ်သော်လည်း ရွက်ပြတ်ရောတောနှင့် အင်တိုင်းတောများ၊ တောခြောက်များရောပြွမ်းနေသည့် ယင်းဒေသကို စကားဝါမြေဟု တင်စားခေါ်ဝေါ်ကြသည်။ မြန်မာလူမျိုးအချို့၏ ရိုးရာနတ်ကိုးကွယ်ယုံကြည်မှုကြောင့်လည်း ပွဲတော်ကာလများတွင် လူသိန်းချီကာ လာရောက်လေ့ရှိသည့် နေရာတစ်ခု ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ပုပ္ပားကို အပူပိုင်းဒေသ၏ အိုအေစစ်ဟု ခေါ်ဝေါ်ကြသည်။ နှစ်ပေါင်းများစွာက မီးတောင်ပေါက်ကွဲရာမှ ပြန့်ထွက်လာသည့် ချော်ကျောက်များ၊ မီးသင့်ကျောက်၊ ထုံးကျောက်၊ အင်ကြင်းကျောက်၊ သဲကျောက်များနှင့် အနီရောင် ရွှံ့စေးမြေများမှာလည်း ပုပ္ပားတောင်မကြီးတစ်ဝိုက် ပျံ့နှံ့လျက်ရှိသည်။

"ပုပ္ပားဒေသဟာ အချိုးအကွေ့သုံးခုကို ကြုံခဲ့ရတယ်။ ၁၉၇၀ ဝန်းကျင်မတိုင်မီမှာ လျှိုမြောင်ချိုင့်ဝှမ်းတွေ၊ စမ်းရေထွက်တွေနဲ့ စိမ်းညို့နေတဲ့ တောနက်တစ်ခုပါ။ ပဲ၊ နှမ်း အစရှိတဲ့ တောင်ယာအနည်းငယ်နဲ့ ဝမ်းစာတောင် အနိုင်နိုင်ပေါ့။ တော်လှန်ရေးကောင်စီခေတ်မှာတော့ ငှက်ပျောစိုက်ခင်းတွေ မျက်စိတစ်ဆုံးပါပဲ။ ကျုပ်တို့ရွာကနေ တောင်ကလပ်ဆီ ဒါမှမဟုတ် ကျောက်ပန်းတောင်း လမ်းခွဲဆီကို ငှက်ပျောဖီး ၄၀ လောက် ဘယ်ညာထမ်းပြီး ရွာသူရွာသားတွေ ထမ်းပိုးယူသွားကြတယ်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ သိသိသာသာ တောပြုန်းတော့တာပဲဗျို့။ နောက်ဆုံးအချိုးအကွေ့ကို ၂၀၀၀ ပြည့်နှစ်လောက်မှာ ကြုံရတော့တာပဲ။ ဒီတစ်ခါ


စာမျက်နှာ ၆ ကော်လံ ၁ ●


ပုပ္ပားဒေသရှိ အောင်မြင်ဖြစ်ထွန်းနေသော မာလကာစိုက်ခင်းနှင့်အတူ ဒေသခံတစ်ဦး။




ဂုဏ်ရည်

အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်-တဆဝက (တနယ်ဖင်း) ၀၅၄/၀၇၁၃

## ဂုဏ်ရည်ဆေးတိုက်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

စျ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန်-နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။) ဖုန်း-၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကြိုတင်ပြင်ဆင် အောင်ပွဲဝင်

မကြာမီ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြရတော့မည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိမျှော်မှန်းချက်၊ ရည်မှန်းချက်များ အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုသည် အလွန်ပင် အရေးကြီးသော အချက်ဖြစ်ပါသည်။

ကျောင်းသား ကျောင်းသူများသည် စာမေးပွဲကြီးတွင် ကောင်းစွာဖြေဆိုနိုင်ရန် သင်ခန်းစာများကို ကျေညက်အောင် လေ့ကျင့်ထားရန် လိုအပ်သကဲ့သို့ ကျန်းမာရေးကောင်းရန်လည်း အထူးဂရုပြု၍ နေထိုင်စားသောက်ရန် အရေးကြီးပေသည်။

စာမေးပွဲကြီး ဖြေဆိုရန်နီးကပ်လာသည်နှင့်အမျှ စိုးရိမ်စိတ်များလွန်ကဲပြီး အိပ်မပျော်စားမဝင်ဖြစ်ကာ စိတ်ဖိစီးမှုဖြစ်တတ်လာသည့်အတွက် စိတ်ကိုတည်ငြိမ်အောင်ထားပြီး သင်ခန်းစာများကို ဖြည်းဖြည်းနှင့်မှန်မှန် လေ့လာကျက်မှတ်ထားရမည်ဖြစ်သည်။

စာမေးပွဲအတွက် စာကျက်နည်းသည်လည်း လိုအပ်သည့်အချက်တစ်ချက်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူအများစုမှာ မနက်ဖြန်ဖြေဆိုရမည့် ဘာသာရပ်အတွက် စာကျက်ရာတွင် စာတစ်အုပ်လုံး ၏၊ သည်မရွေး လိုက်လံကျက်နေတတ်ပါသည်။ သာမန်ချိန် စာကျက်ခြင်းနှင့် စာမေးပွဲအတွက် စာကျက်ခြင်းသည် တူမည်မဟုတ်ပါ။

စာမေးပွဲအတွက် စာကျက်ခြင်းသည် ကြည့်သင့်လျှင်ကြည့်၊ ကျက်သင့်လျှင်ကျက်ဆိုသည့်အတိုင်း စာကိုအမှတ်ရအောင် အမြန်ကြည့်ရှုမှတ်သားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရပြီးသားစာများကို စာနွှေးခြင်းအလုပ် ဖြစ်ပါသည်။ စာတစ်အုပ်လုံး အသေးစိတ်ကျက်မှတ်နေမည်ဆိုပါက ညဥ့်နက်မိုးလင်းအထိ ကျက်ကြသဖြင့် ကျန်းမာရေးထိခိုက်ပြီး စာမေးပွဲခန်းတွင် ကောင်းစွာမဖြေဆိုနိုင်ဘဲ ဖြစ်တတ်ပါသည်။ စာမေးပွဲကာလအတွင်း ကျန်းမာရေး ထိခိုက်မှုမဖြစ်အောင်လည်း သတိပြုနေထိုင်စားသောက်ကြရမည် ဖြစ်ပါသည်။

ထို့အပြင် အရေးကြီးဆုံးအချက်တစ်ချက်မှာ စာမေးပွဲဝင်ခွင့်ကတ်ပြားဖြစ်ပါသည်။ စာမေးပွဲဝင်ခွင့်ကတ်များ မေ့ကျန်ခြင်း၊ အထားမှား၍ အလွယ်တကူရှာဖွေမရခြင်း၊ ပျောက်ပျက်ခြင်းများ ဖြစ်တတ်ပါသည်။ ဝင်ခွင့်ကတ်ပြားမရှိလျှင် စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးသွားနိုင်ပါသည်။ ထို့ကြောင့် ဝင်ခွင့်ကတ်ပြားများကို အလွယ်တကူ ယူဆောင်သွားနိုင်အောင် ပြင်ဆင်ထားဖို့လိုပါသည်။

သို့ဖြစ်၍ မိမိဘဝတက်လမ်းအတွက် အရေးကြီးဆုံးဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် အမှတ်ကောင်းကောင်းဖြင့် ကောင်းစွာဖြေဆိုနိုင်ပြီး မိမိတက်ချင်သော တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် ယခုအချိန်ကတည်းက ကျားကုတ်ကျားခဲ ကြိုးစားကာ အောင်မြင်မှုပန်းတိုင်သို့ လျှောက်လှမ်းနိုင်ရန် ဆရာမိဘတို့၏ ပူးပေါင်းမှုနှင့်အတူ အလေးထား ဆောင်ရွက်ရန် အသိပေးအပ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## ရေပြတ်လပ်သည့် ကျေးရွာများသို့ ရေပေးဝေနိုင်ရေး ကြိုတင်ပြင်ဆင်

**ကျိုက်ထို မတ် ၆**

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်နီညိုဒဏ်ကြောင့် နွေရာသီ ရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်မည့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရေပေးဝေနိုင်ရေးအတွက် မတ်လ ပထမပတ်မှစ၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## စလင်းမြို့ အားကစားကွင်း အဆင့်မီပြုပြင်ပေးစေလို

**မြင်သာထင်သာ ပြုပြင်စရာ**

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ အားကစားကွင်းသည် ပြည်သူ့အားကစားကွင်းအဖြစ် သတ်မှတ်ထားသော်လည်း အားကစားကွင်းအင်္ဂါရပ်များနှင့် မပြည့်စုံဘဲ ချုံနွယ်ပိတ်ပေါင်းများဖြင့် ဖုံးအုပ်လျက်ရှိသည်။

ဒေသခံ အားကစားသမားများ ဘောလုံးကန်လေ့ကျင့်ခြင်း၊ အပြေးလေ့ကျင့်ခြင်းနှင့် အခြားအားကစားပြုလုပ်လိုသော်လည်း အားကစားကွင်းကို ပြုပြင်ထိန်းသိမ်းသူမရှိဘဲ အလေ့ကျ ကျခတ်ဆူးများပေါက်နေခြင်းတို့အပြင် ကစားကွင်းအဝင် ရေမြောင်းတံတားမှာ ပျက်စီးနေ၍ **(ယာပုံ)** မြို့ပြအဆင့်နှင့်ဆီလျော်အောင် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

(၀၈၄)





## မော်လမြိုင်၌ ဘီပိုးကာကွယ်ဆေး အခမဲ့ထိုးပေး

**မော်လမြိုင် မတ် ၆**

ရှင်စောပု မွန်အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းမှ မတ် ၆ ရက်က မော်လမြိုင် ဖတ်တန်းရပ်ကွက် မွန်ဓမ္မာရုံ၌ ဘီပိုးကာကွယ်ဆေးကို ဒုတိယအကြိမ် ထိုးနှံပေးကြောင်း သိရသည်။

ဘီပိုးကာကွယ်ဆေးကို မတ် ၆ ရက်တွင် တစ်ကြိမ်၊ ဧပြီ ၆ ရက်တွင် တစ်ကြိမ်၊ မေ ၆ ရက်တွင်တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ထိုးပေးမည်ဖြစ်ပြီး ဆေးထိုးပြီးသူများကို ဆေးအောင် မအောင်စစ်ဆေးပြီး ဆေးမအောင်သည့်သူများကို ပြန်လည်ထိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ဘီပိုးကာကွယ်ဆေး ၂၅၀ ထိုးပေးခဲ့ပြီး ၁၀ ဦးတွင် ရောဂါပိုးတွေ့ရှိ၍ ဆေးကုသမှုခံယူရမည်ဖြစ်ကြောင်း ရှင်စောပုမွန်အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်မိမိုးမိုးအေးက ပြောသည်။ ဘီပိုးကာကွယ်ဆေးများကို ပင်တိုင်ဆရာဝန်လေးဦးနှင့် မော်လမြိုင် အထွေထွေရောဂါကု ဆေးရုံကြီးမှ သူနာပြုဆရာမ ၂၀ က ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၂၀/၄၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၂.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၈.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၇.၉၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၇၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၃၄ |
| တရုတ် | တစ်ယွမ် | ၁၈၈.၆၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၀၂ |

ခင်ရတနာ-စုစည်းသည်။

❖ ကျောဖုံးမှ

စီမံကိန်းများကို ယခုအခါ စတင်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။

အဆိုပါဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရန် အတွက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ဝင် ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ စွမ်းအင် ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ရတနာ ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင်သို့ ယနေ့ မွန်းလွဲပိုင်းက ရောက်ရှိခဲ့သည်။

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ Total E&P Myanmar ကုမ္ပဏီမှ အထွေထွေမန်နေဂျာ Mr. Xavier Preel က ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုအခြေအနေများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုး ရေးဆောင်ရွက်နေမှုနှင့် လူမှုစီးပွားအထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို လည်းကောင်း၊ နည်းပညာရပ်ဆိုင်ရာမန်နေဂျာက စီမံကိန်း ကာလအတွင်း အပိုင်းလိုက်ပြင်ဆင်၊ တိုးချဲ့ဆောင်ရွက် သွားရမည့်လုပ်ငန်းစဉ်များနှင့် လက်ရှိဆောင်ရွက်နေသော ပတ္တမြားဘူမိအနေအထားမှ သဘာဝဓာတ်ငွေ့များ ထုတ်ယူသွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။



တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို စီမံကိန်းကာလ တစ်လျှောက် ရေရှည်ကောင်းမွန်စွာ ထုတ်ယူသုံးစွဲနိုင် ရန်အတွက် အပိုင်းလိုက် စနစ်တကျစီမံဆောင်ရွက်နေ မှုများကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အချိန်မီပြီးစီး အောင်ဆောင်ရွက်သွားရန် မြန်မာနိုင်ငံ၏ လူသားအရင်း အမြစ်ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံသားများကို ကုမ္ပဏီ၏ နည်းပညာရပ်ဆိုင်ရာလုပ်ငန်းများ၌ အရေအတွက် တိုးတက်ခန့်ထားပေးမှုများအပေါ် ဝန်ကြီးဌာနအနေဖြင့် ကြိုဆိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကမ်းလွန် ထုတ်လုပ်ရေးစင်၌ တာဝန်ထမ်းဆောင်နေကြသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်း များနှင့် Total E&P Myanmar ကုမ္ပဏီမှဝန်ထမ်းများကို သစ်သီးခြင်း လက်ဆောင်ပေးအပ်ကာ ထုတ်လုပ်ရေး စင်ပေါ်၌ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ (ဓပုံ)

ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းသည် နိုင်ငံတော် အတွက် နိုင်ငံခြားဝင်ငွေ အဓိကရှာဖွေပေးနေသောစီမံ ကိန်းတစ်ခုဖြစ်ပြီး စီမံကိန်းလုပ်ငန်းများလုပ်ဆောင် မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများလျော့နည်း အောင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူ များက သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အဓိကအားဖြင့် စီမံကိန်းဧရိယာအတွင်း ကျရောက်သော ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအစီ အစဉ်များကိုလည်း နှစ်အလိုက် ဘတ်ဂျက်ငွေများ ခွဲဝေ လျာထားဆောင်ရွက်စေလျက်ရှိရာ စီမံကိန်းစတင်သည့် ၁၉၉၅ ခုနှစ်မှ ယနေ့အချိန်ထိ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၈ သန်းခန့်ကို ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတားတည်ဆောက်ပြုပြင်ခြင်းများတွင် သုံးစွဲ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင် မွမ်းမံပြင်ဆင်ရေးစည်းဝေး

**ရန်ကုန် မတ် ၆**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင် ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး Training Centre ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင် မွမ်းမံပြင်ဆင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်ပြည်သူ့ဆေးရုံကြီးပြုပြင် မွမ်းမံပြင်ဆင်ရေးအတွက် ယခင်ကျင်းပခဲ့သည့်အစည်း အဝေးများ၏ဆုံးဖြတ်ချက်များကို အလျင်အမြန်ဆောင် ရွက်ခဲ့သည့်အတွက် လုပ်ငန်းများ အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြည့်ဝစွာ ပြောင်းလဲတိုးတက်လာခဲ့ပါ ကြောင်း၊ ယင်းတိုးတက်မှုများသည် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီလေးခုတို့၏ အားသွန်ခွန်စိုက်ဆောင်ရွက်မှု များ၏ရလဒ်များပင်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို နောင်ပေါ်ပေါက်လာမည့် အစိုးရ သို့ စနစ်တကျလွှဲပြောင်းပေးနိုင်ရေး ကြိုတင်စီစဉ်ဆောင် ရွက်ထားရန်နှင့် လုပ်ငန်းများပြီးပြတ်စေရေး ပွင့်လင်းစွာ ဆွေးနွေးတင်ပြနိုင်ပါကြောင်း ပြောကြားသည်။ (ယာပုံ)

ထို့နောက် တာဝန်ရှိသူများက ယခင်ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက် များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဘဏ္ဍာ ငွေသုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံး မှန်းခြေငွေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်လေးမြင့်တို့က ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စ များနှင့် ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲမှုအခြေအနေ များကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဒုတိယအင်ဂျင်နီယာချုပ် ဦးသန့်ဇင်က လျှပ်စစ်ဓာတ်အား တည်ငြိမ်စွာသုံးစွဲနိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးကြကြောင်း သိရသည်။



(သတင်းစဉ်)

# ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း ၂၀၁၇ တွင် စတင်နိုင်မည်

**ရန်ကုန် မတ် ၆**

ရန်ကုန်ဘူတာကြီးနယ်မြေ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၇ ခုနှစ် မေလတွင် စတင်နိုင်မည်ဖြစ် ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီး ဌာန မြန်မာ့မီးရထားမှ အဆင့်မြင့် အရာရှိတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီကနေ့ပြုလုပ်တဲ့ အခမ်းအနားကတော့ ရန်ကုန်ဘူတာ ကြီးနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအကောင်အထည်ဖော် ဆောင် ရွက်ဖို့အတွက် ပြည်တွင်းပြည်ပကုမ္ပဏီ အဖွဲ့အစည်းတွေကို တင်ဒါခေါ်ယူတာ နဲ့ပတ်သက်ပြီး ရှင်းလင်းတာဖြစ်ပါ တယ်။ တင်ဒါပထမအဆင့်အနေနဲ့ ၆-၈-၂၀၁၅ ရက်နေ့မှာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လိုသူ ပြည်တွင်းပြည်ပကုမ္ပဏီ အဖွဲ့အစည်းတွေကို စိတ်ဝင်စားမှု ဖော်ပြချက် (Expression of Interest) လို့ခေါ်တဲ့ အဆိုပြုလွှာတွေ ပေးပို့တင်ပြနိုင်ဖို့ ဖိတ်ခေါ်ခဲ့ရာမှာ သတ်မှတ်ပိတ်ရက် ၆-၁-၂၀၁၆ ရက် နေ့အထိ ပြည်တွင်းပြည်ပကုမ္ပဏီ အဖွဲ့အစည်း နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အဖွဲ့ ၁၈ ဖွဲ့က အဆိုပြုလွှာတွေ တင်သွင်းခဲ့ကြပါတယ်။ ဒီအထဲကမှ မြန်မာ့မီးရထားက စိစစ်အကဲဖြတ် ရာမှာ ပြည်တွင်း ပြည်ပကုမ္ပဏီအဖွဲ့ အစည်း ၁၅ ဖွဲ့၊ နိုင်ငံအားဖြင့် ၁၀ နိုင်ငံမှ တင်ဒါလုပ်ငန်းစဉ် ဒုတိယ အဆင့်ဖြစ်တဲ့ တင်ဒါဝင်ရောက် ယှဉ်ပြိုင်ခွင့်(Request For Proposal) ကို ခွင့်ပြုခဲ့ပါတယ်။ ဒီအထဲကမှ အကောင်းဆုံးဒီဇိုင်းပုံစံတွေနဲ့အတူ တင်ပြလာမယ့် အကောင်းဆုံးကုမ္ပဏီ ကို ရွေးချယ်ပြီး ၂၀၁၇ ခုနှစ် မေလမှ စီမံကိန်းလုပ်ငန်းတွေ စတင်နိုင်မှာ ဖြစ်ပါတယ်" ဟု ယနေ့မွန်းလွဲပိုင်းက ဆူးလေရှန်ဂရီလာ၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် မြန်မာ့ မီးရထားမှ အောက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးထွန်း အောင်သင်းက ပြောသည်။




အဆိုပါ ဘူတာကြီးစီမံကိန်း တင်ဒါခေါ်ယူမှုကို ၂၀၁၄ ခုနှစ်က ဆောင်ရွက်ခဲ့သော်လည်း ဝင်ရောက် ယှဉ်ပြိုင်သည့် ကုမ္ပဏီအဖွဲ့အစည်း များသည် မြန်မာ့မီးရထားမှ မျှော်မှန်းလျာထားချက်များအတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်း မရှိ၍ ဒုတိယအကြိမ် တင်ဒါခေါ်ယူ ခဲ့ခြင်းဖြစ်သည်။

ဘူတာကြီးစီမံကိန်း အကျယ် အဝန်းသည် ၆၃ ဒသမ ၂၂ ဧက (၂၅ ဒသမ ၇၄၆ ဟတ်တာ) ရှိသည်။ တင်ဒါအောင်မြင်သော ကုမ္ပဏီအနေ ဖြင့် ယင်းစီမံကိန်းဧရိယာအတွင်း ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိ သော စီးပွားရေးလုပ်ငန်းများ၊ အထပ်မြင့် အဆောက်အအုံများ၊ ပို့ဆောင်ရေးစနစ်နှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ပါဝင်မည် ဖြစ်ကြောင်း သိရသည်။ ရထား ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ မီးရထားအနေဖြင့် ယင်းဘူတာကြီး နယ်မြေကို မဟာရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။

"ကျွန်တော်တို့အနေနဲ့ ဒီနေ့က စပြီး မေ ၃၁ ရက်အထိ ဝင်ရောက် ယှဉ်ပြိုင်တဲ့ ကုမ္ပဏီ ၁၅ ခုကို တင်ဒါ ဝင်ရောက်ယှဉ်ပြိုင်ခွင့် စာအုပ်ကို ရောင်းချပါတယ်။ ကုမ္ပဏီတွေအနေနဲ့ အကောင်းဆုံး Drawing တွေ၊ Structure တွေပါဝင်တဲ့ တင်ဒါ အဆိုပြုလွှာကို ခြောက်လအတွင်း တင်ပြရမှာဖြစ်ပါတယ်။ ဒီအထဲကမှ အကောင်းဆုံးကုမ္ပဏီကို ရွေးချယ်ပြီး စီမံကိန်းလုပ်ငန်းတွေကို စတင်နိုင်မှာ ဖြစ်ပါတယ်" ဟု အထွေထွေ မန်နေဂျာ ဦးထွန်းအောင်သင်းက ဆက်လက်ရှင်းပြသည်။

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ထရန့်ဆန့်ကျင်နေဟု ဂျာမနီဒုတိယ ဝန်ကြီးချုပ်ပြောကြား

**ဘာလင် မတ် ၆**

ရီပတ်ဘလစ်ကန် သမ္မတလောင်းနေရာကို ဦးဆောင်ယှဉ်ပြိုင်နေသူ ဒေါ်နယ်ထရန့်၏ လက်ယာယိမ်းဝါဒီများသည် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ဆန့်ကျင်နေသည်ဟု ဂျာမနီ ဒုတိယ ဝန်ကြီးချုပ် ဆစ်ဂမာ ဂါဘရီယယ်က ဝေဖန်ပြောဆိုလိုက်သည်။

ဂါဘရီယယ်၏ ဝေဖန်ချက်များတွင် ဥရောပ နိုင်ငံရေးလောကမှ ထွက်ခွာခဲ့သော စီးပွားရေး ဝန်ကြီးနှင့် ဆိုရှယ်ဒီမိုကရက် ခေါင်းဆောင်တို့သည် အမေရိကန် သမ္မတရွေးကောက်ပွဲရလဒ်ကို စိုးရိမ်နေကြကြောင်း ပြောကြားသည်။

“ထရန့်နဲ့ လက်ယာယိမ်းမျိုးချစ်ဝါဒီတွေဟာ ငြိမ်းချမ်းရေးနဲ့ လူမှုဘဝတည်ငြိမ်မှုကို ခြိမ်းခြောက်ရုံသာမကဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ ခြိမ်းခြောက်နေတယ်” ဟု တနင်္ဂနွေနေ့က သတင်းစာ အင်တာဗျူးတစ်ခု၌ ပြောကြားခဲ့သည်။

ထရန့်နှင့် ပြင်သစ်မှ လီဖန်တို့သည် ဆန္ဒမဲပေးသူများကို နတ်သမီးပုံပြင်ကမ္ဘာထဲသို့ နောက်တစ်ဖန် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ကတိများပေး၍ မဲဆွယ်ခဲ့ကြသည်။

“ဂလိုဘယ်လိုက်ဇေးရှင်းပုံစံတစ်ခုကို တရားမျှတတဲ့ နည်းလမ်းနဲ့ ဘယ်လိုရယူရမလဲဆိုတာကို ရှင်းပြဖို့ ကျွန်တော်တို့ ကြိုးစားရမယ်” ဟု ဂါဘရီယယ်က ပြောခဲ့သည်။

နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲ၌ ရီပတ်ဘလစ်ကန်ပါတီမှ စီးပွားရေးလုပ်ငန်းရှင် ထရန့် သမ္မတလောင်းနေရာတွင် ဆက်လက်ရှိနေနိုင်မည်လားဆိုသည်ကို ဂျာမနီရှိ နိုင်ငံရေးသမားများနှင့် ဥရောပမှ အခြားသူများကလည်း စောင့်ကြည့်လျက်ရှိသည်။ **(ရိုက်တာ)**



**စီးပွားရေးနှင့်စွမ်းအင်ရေးရာဝန်ကြီး ဆစ်ဂမာ ဂါဘရီယယ်ကို တွေ့ရစဉ်။**

# ၂၀၂၀ တွင် တရုတ်၏ လူဦးရေ ၁ ဒသမ ၄၂ ဘီလီယံထိ ရှိလာနိုင်

**ပေကျင်း မတ် ၆**

စနေနေ့က ထုတ်ပြန်ခဲ့သော ငါးနှစ်စီမံကိန်း မူကြမ်းတွင် တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၂၀ ပြည့်နှစ်အကုန်ပိုင်းတွင် ၁ ဒသမ ၄၂ ဘီလီယံအထိရှိလာနိုင်ကြောင်း ၂၀၁၅ ခုနှစ်မှစ၍ ၄၅ သန်းတိုးလာကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၁၅ ခုနှစ်အကုန်ပိုင်းခန့်က လူဦးရေ ၁ ဒသမ ၃၇၄၆၂ ဘီလီယံရှိခဲ့ပြီး ၂၀၁၄ ခုနှစ်အကုန်ပိုင်းက ၆ ဒသမ ၈ သန်း တိုးလာကြောင်း ပြည်တွင်းစာရင်းအင်းဌာန အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံ၌ လိုအပ်ချက်အရ မိသားစုတစ်စုလျှင် ကလေးနှစ်ဦး ရယူနိုင်ကြောင်း ပေါ်လစီချမှတ်ခဲ့ခြင်းကိုလည်း အဆိုပါမူကြမ်းအရ သိရသည်။ ကျား/မ အချိုးမညီမျှမှုကြောင့် ယင်းကဲ့သို့ ချမှတ်ခဲ့ခြင်းဖြစ်သည်။

မကြာသေးမီနှစ်များအတွင်းက လျှော့ချမှုများ ပြုလုပ်ခဲ့သော်လည်း ဇန်နဝါရီလ အချိုးမှာ ၁၁၃ ဒသမ ၅၁ သန်း၌ ရှိနေပြီး အမျိုးသမီးအရေအတွက်ထက် အမျိုးသားအရေအတွက်မှာ ၃၃ ဒသမ ၆၆ သန်းပိုနေကြောင်း၊ အဆိုပါ ကွာဟမှုမှာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးအဆင့် ဖြစ်နေကြောင်း စာရင်းအင်းဌာနမှ သိရသည်။

မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုများ၊ သားဖွားမှုဆိုင်ရာ စောင့်ရှောက်မှုများကို တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ပြီး ကလေးနှစ်ဦးပေါ်လစီ အကောင်အထည်ဖော်မှုနှင့် ဆက်စပ်သော မူဝါဒများကို ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဒုက္ခသည် အချိုးကျခွဲဝေလက်ခံရေး ဩစတြီးယားငြင်းဆို

**ဗီယင်နာ မတ် ၆**

ဥရောပနိုင်ငံ အများအပြား၌ ဒုက္ခသည်များ အချိုးကျခွဲဝေနေရာချထားရေးတွင် ဩစတြီးယားအနေနှင့် ပါဝင်လိုခြင်းမရှိကြောင်း ၎င်းတို့အနေနှင့် လုံလောက်သောအရေအတွက်ကို လက်ခံပြီးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဩစတြီးယား သတင်းစာပါ ဆိုရှယ်ဒီမိုကရက် တစ်ဦးဖြစ်သူ ဟန်စ်ပီတာ ဒေါ့စ်ကိုဇီ၏ ဝေဖန်ချက်တွင် တူရကီတွင် တနင်္လာနေ့၌ ကျင်းပမည့် အီးယူအရေးပေါ် အစည်းအဝေး၌ ဒုက္ခသည်များ လွှဲပြောင်းပေးရေး ပဋိပက္ခသည် ပိုမိုရှုပ်ထွေးလာဖွယ်ရှိကြောင်း သတိပေးထားသည်ကို တွေ့ရသည်။

တောင်းဆိုမှုများကြောင့် ပြီးခဲ့သောနှစ်က ၈ ဒသမ ၅ သန်းသော ပြည်သူတို့သည် ခိုလှုံခွင့်တောင်းခံသူ ကိုးသောင်းကို လက်ခံခဲ့ရပြီး ယခု နှစ်တွင် အရေအတွက် အကန့်အသတ်ကို လျှော့ချခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

“ဂရိက ဒုက္ခသည်တွေကို ဩစတြီးယားကို ဘာကြောင့် လွှဲပြောင်းပေးရမှာလဲ၊ ဒါဟာမှားယွင်းတဲ့ အမှတ်လက္ခဏာတစ်ရပ်ပဲ” ဟု ဒေါ့စ်ကိုဇီ၏မိန့်ခွန်းတွင် ဖော်ပြထားသည်။

ဆွစ်ဇာလန်သတင်းစာပါ သီးခြားသတင်းတစ်ရပ်တွင် ဆွစ်ဇာလန်နိုင်ငံသည် ဂရိမှ ခိုလှုံခွင့်တောင်းခံသူ ၆၀၀ ကို လက်ခံရမည်ဟု ပါရှိကြောင်း၊ ဆွစ်ဇာလန်သည် အီးယူအဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း ပြီးခဲ့သောနှစ်က အစိုးရက အီးယူ၏နေရာချထားရေးအစီအစဉ်တွင် ခိုလှုံခွင့်တောင်းခံသူ ၁၅၀၀ ကို လက်ခံခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**




# မြောက်ကိုရီးယားကုန်တင်သင်္ဘော ဖိလစ်ပိုင်ဖမ်းဆီး ကုလသမဂ္ဂကပိတ်ပင်ထားသော မြောက်ကိုရီးယားသင်္ဘော ၃၁ စင်းရှိ

**မနီလာ မတ် ၆**

ကုလသမဂ္ဂကပြုံယမ်းအား နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အရေးယူပိတ်ဆို့မှုများပြုလုပ်ခဲ့ပြီးနောက် ဖိလစ်ပိုင်က မြောက်ကိုရီးယား ကုန်တင်သင်္ဘောတစ်စင်းကို ဖမ်းဆီးလိုက်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက စနေနေ့တွင် ပြောသည်။

မနီလာအနေဖြင့် အဆိုပါသင်္ဘောမှ သင်္ဘောသား ၂၁ ဦးအား နေရပ်သို့ ပြန်ပို့ပေးမည်ဖြစ်ပြီး ကုလသမဂ္ဂစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုပြုလုပ်ရန် စောင့်ဆိုင်းနေကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ချာလီဂျို့စ်ကပြောသည်။

“ကျွန်တော်တို့အနေနဲ့ ကုလသမဂ္ဂရဲ့ဆုံးဖြတ်ချက်အရ ဆူဘစ်မှာရှိတဲ့ မြောက်ကိုရီးယားသင်္ဘောကို ထွက်ခွာခွင့်ပြုမှာမဟုတ်ပါဘူး”ဟု ၎င်းက ပြောသည်။

တန်ချိန် ၆၈၃၀ ရှိ အဆိုပါကုန်တင် သင်္ဘောဂျင်တန်းသည် မြောက်ကိုရီးယားကိုအရေးယူပိတ်ဆို့မှုအပြီး ပထမဆုံးဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

ကုလသမဂ္ဂမှ အရေးယူပိတ်ဆို့ထားသည့်သင်္ဘော ၃၁ စင်းရှိပြီး ယခုဖမ်းဆီးလိုက်သောသင်္ဘောလည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# ဘဂ္ဂဒက်မြို့အနီး၌ အသေခံ ထရပ်ကားဗုံးခွဲတိုက်ခိုက် အနည်းဆုံး ၂၅ ဦးသေဆုံး

**ဘဂ္ဂဒက် မတ် ၆**

အီရတ်နိုင်ငံအလယ်ပိုင်း ဘာဘီလ်ပြည်နယ်ရှိ ဟီလာမြို့တော်မြောက်ဘက် လုံခြုံရေးစစ်ဆေးရေးဂိတ်တစ်ခုအနီး၌ မတ် ၆ ရက်က အသေခံ ထရပ်ကားတစ်စီး ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၅ ဦးသေဆုံးပြီး ၅၇ ဦးကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်လုံခြုံရေးဌာနမှ ဆင်ဟွာသို့ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုမှာ မွန်းတည့်အချိန်ခန့်က ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၁၀၀ အကွာရှိ ဟီလာမြို့မြောက်ဘက် အဝင်ပေါက် အယ်အသာ လုံခြုံရေးစစ်ဆေးရေးဂိတ်အနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထရပ်ကားဗုံးခွဲတိုက်ခိုက်မှုအတွင်း လူ ၂၅ ဦးသေဆုံးပြီး ၅၇ ဦး ဒဏ်ရာရခဲ့ကြောင်း နောက်ဆုံးရသတင်းများအရ သိရသည်။ ပေါက်ကွဲမှုကြောင့် စစ်ဆေးရေးဂိတ်ပျက်စီးသွားပြီး ယာဉ်အစီးရေ တစ်ဒါဇင်ခန့် ဆိုးဆိုးရွားရွားပျက်စီးခဲ့ကြောင်း သိရသည်။

သေဆုံးသူ အရေအတွက်မှာ တိုးလာနိုင်ဖွယ်ရှိပြီး ဒဏ်ရာရသူများကို လူနာတင်ယာဉ်များဖြင့် ကျန်းမာရေးဌာနများနှင့် ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အိုင်အက်စ်စစ်သွေးကြွများသည် အီရတ်ရှိ ဗလီကျောင်းများ၊ ဈေး၊ ကဖေးဆိုင်များနှင့် စစ်ဆေးရေးဂိတ်အပါအဝင် လူစုလူဝေးရှိသော နေရာများကို ပစ်မှတ်ထားတိုက်ခိုက်နေခြင်းဖြစ်သည်။ **(ဆင်ဟွာ)**




**မတ် ၅ ရက်က ခရိုအေးရှားရှိ တိရစ္ဆာန်ရုံတစ်ခု၌ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့ကျင်းပစဉ်အတွင်း စပါးကြီးမြွေများကို ကလေးငယ်များကြည့်ရှုနေစဉ်။** (ကျင်းပရခြင်းရည်ရွယ်ချက်မှာ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနှင့် အပင်များ ထိန်းသိမ်းရေး အသိပညာပေးမြှင့်တင်ရန်ဖြစ်သည်။) (ဆင်ဟွာ)

# လယ်တောသူအလှမယ်ပြိုင်ပွဲ ကချင်ပြည်နယ်မှ မခေါင်စေး ပထမဆုနှင့် Miss Photogenic ဆုဆွတ်ခူး




**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းက ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် လယ်တောသူအလှမယ်ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလှမယ် ၂၀ တို့က လယ်တောသူသရုပ်ဖော်အဝတ်အစားများဖြင့် ယှဉ်ပြိုင်ကြပြီး လယ်တောသူအလှမယ် ၁၀ ဦးကို ထပ်မံရွေးချယ်ကြကာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်သည့် ဗဟုသုတမေးခွန်းများ မေးမြန်းကြသည်။

ယင်းလယ်တောသူ အလှမယ်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သိန်း ၅၀ နှင့် Gold Crown ပြည်ပခရီးစဉ်ဆုနှင့် Miss Photogenic ဆုကို မခေါင်စေး၊ ဒုတိယဆု ငွေကျပ် သိန်း ၃၀ နှင့် ပြည်ပခရီးစဉ်ဆုကို မဆုမွန်သိမ့်၊ တတိယဆု ငွေကျပ်သိန်း ၂၀ နှင့် ပြည်ပခရီးစဉ်ဆုကို မယဉ်စနိုင်း၊ စတုတ္ထဆု ငွေကျပ် ၁၅ သိန်းကို မဖူးသိမ်မွေ့ခင်၊ Best Costume ဆုကို မခေါန်ဆန်၊ Members Choice ဆုကို မမော်နွယ်ထွန်းတို့ကရရှိကြပြီး ဆုများကို မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူများက ချီးမြှင့်ကြကြောင်း သိရသည်။

"ကျွန်မက မြစ်ကြီးနားတက္ကသိုလ် တတိယနှစ်ကျောင်းသူပါ၊ ပြောမပြတတ်အောင် စိတ်လှုပ်ရှားခဲ့ပါတယ်။ လယ်တောသူပြိုင်ပွဲကို မကြားဖူးဘူး၊ ဆရာမပြောလို့ စိတ်ဝင်စားလို့ လာပြိုင်တာပါ။ အခက်အခဲတွေကြားက ကြိုးစားခဲ့ရပါတယ်။ လယ်ယာနဲ့ပတ်သက်တဲ့အတွေ့အကြုံရှိပြီး ငယ်ငယ်က ကောက်တွေစိုက်၊ ကောက်တွေရိတ်ခဲ့ဖူးတယ်။ ကျောင်းတက်ရင်းနဲ့ အခွင့်အရေးရရင် မစ္စပြိုင်ပွဲတွေ ပြိုင်သွားမှာပါ။ ဝါသနာပါတာကတော့ လေယာဉ်မယ် ဖြစ်ချင်တယ်" ဟု ပထမဆုနှင့် Miss Photogenic ဆုရ ကချင်ပြည်နယ်မှ မခေါင်စေး **(ဝဲပုံ)**က ဝမ်းသာပီတိစကားပြောကြားသည်။

**သတင်းနှင့် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုဝင်ရောက်နိုင်ရေး ဆွေးနွေး

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့လုပ်ငန်းများနှင့် ပတ်သက်ပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

ယင်းဆွေးနွေးပွဲသို့ ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ကင်းထောက်လုပ်ငန်း အထောက်အကူပြုဌာနမှ ဒါရိုက်တာ Mr.Thian Hiong-Boon၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်၊ အပြည်ပြည်ဆိုင်ရာ ကင်းထောက်မှူးချုပ် ဦးမောင်မောင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးသီဟတို့ တက်ရောက်ပြီး မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့၏ လမ်းပြမြေပုံပေါ်၌အခြေပြုသည့် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၌ မကြာမီကျင်းပမည့် ကင်းထောက်သင်တန်းများ၊ လုပ်ငန်းဆွေးနွေးပွဲများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံအဖြစ် အသိအမှတ်ပြု ဝင်ရောက်နိုင်ရေးအတွက် သတ်မှတ်သည့်လုပ်ငန်းစဉ်များအားလုံးကို အချိန်မီပြီးစီးနိုင်ရေးအတွက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့က ပံ့ပိုးကူညီမည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့တို့ ကြိုးပမ်းဆောင်ရွက်ရေးလုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးကြသည်။

မြန်မာလူငယ်များ လူ့အဖွဲ့အစည်းများတွင် ကြံ့ခိုင်သောစိတ်ဓာတ်၊ ရင့်ကျက်သည့်ကိုယ်ရည်ကိုယ်သွေးပိုင်ဆိုင်ပြီး အများအတွက် အဆင်သင့် ကူညီပံ့ပိုးသူများအဖြစ် လေ့ကျင့်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ကင်းထောက်လုပ်ငန်းများကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့က သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စခန်းချတွေ့ဆုံပွဲများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**ကိုလတ်(သတင်းစဉ်)**

# သိမ်းဆည်းခံလယ်ယာမြေများအား မူလတောင်သူများထံ ပြန်လည်ပေးအပ်ပြီး ယာယီလုပ်ကိုင်ခွင့်ပုံစံထုတ်ပေး



**သာစည် မတ် ၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ သိမ်းဆည်းခံလယ်ယာမြေများအား မူလတောင်သူများထံ ပြန်လည်ပေးအပ်ပြီး ယာယီစိုက်ပျိုးလုပ်ကိုင်ခွင့်ပုံစံ(၃) ထုတ်ပေးပွဲကို မတ် ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးထွန်းမင်းနိုင်တို့က သာစည်မြို့နယ် အင်တိုင်းသာစိုက်ခြံမှ ပြန်လည်စွန့်လွှတ်မြေ ၁၄၉၉ ဒသမ ၄၂ ဧကအတွင်း ပုံစံ(၃)လျှောက်ထားသည့် တောင်သူများအား ပေးအပ်ရာတွင် အုတ်တွင်းကျေးရွာမှ ဦးဝင်းလှိုင်ပါ တောင်သူ ၉၇ ဦးအား ဧရိယာ ၆၉၇ ဒသမ ၂၅ ဧက၊ အလယ်ကန်ကျေးရွာအုပ်စုမှ ဦးစံမြင့်ပါ တောင်သူ ၉၈ ဦးအား ဧရိယာ ဧက ၇၀၅ ဒသမ ၅၀ စုစုပေါင်းဧရိယာ ၁၄၀၂ ဒသမ ၇၅ ဧကနှင့် ရွာကြီးကျေးရွာအုပ်စုရှိ မင်းဘုရားကန်အဆိုပြုကာကွယ်တောအဖြစ်မှ ပယ်ဖျက်သည့်ဧရိယာအတွင်း ပုံစံ(၃)လျှောက်ထားသည့် တောင်သူများအားပေးအပ်ရာတွင် ရွာကြီးကျေးရွာအုပ်စုမှ ဦးညွန့်နိုင်ပါ တောင်သူ ၂၇ ဦးအား ဧရိယာ ၁၁၇ ဒသမ ၄၂ ဧကတို့အား ယာယီစိုက်ပျိုးလုပ်ကိုင်ခွင့်ပုံစံ(၃)များ ပေးအပ်သည်။ **(အပေါ်ပုံ)**

**ထွန်းထွန်း(သာစည်)**

# ဖားကန့်မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေ

**ဖားကန့် မတ် ၆**

နွေရာသီ သောက်သုံးရေ အခက်အခဲကြုံတွေ့နိုင်ဖွယ်ရှိသည့် ဖားကန့်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကြိုတင်ပြင်ဆင်မှုများနှင့် သောက်သုံးရေဖြန့်ဝေမှုများကို ဖားကန့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ဖားကန့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် စေတနာရှင် အလှူရှင်များ ပူးပေါင်း၍ မတ် ၆ ရက် မွန်းလွဲ ၁ နာရီကစတင်ကာ ရေသယ်ယာဉ်နှစ်စီးဖြင့် ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းသို့ ရေဂါလန် ၁၂၀၀ နှင့် သောက်ရေသန့်ဘူးကြီး ၂၀၊ မော်ဝမ်းလေးကျေးရွာသို့ သောက်ရေသန့်ဘူးကြီး ၃၀ ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**စိုးနိုင်ဦး(ဖားကန့်)**

# ဥတ္တရသီရိမြို့နယ် နွေစပါးမြေသြဇာ စုပေါင်းကြဲပက်

**နေပြည်တော် မတ် ၆**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စု ၂၀၁၅-၂၀၁၆ နွေစပါးမြေသြဇာ စုပေါင်းကြဲပက်ပွဲကို မတ် ၅ ရက် နံနက် ၈ နာရီက ကွင်းအမှတ်(၁၈၈၁) ဦးပိုင်အမှတ် ၃ဃ/၄ တောင်သူဦးထွန်းဝေ၏ နွေစပါးစံကွက် ၂၅ ဧက၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဦးစီးမှူးက နွေစပါးပုလဲသွယ်အထွက်နှုန်း တင်း ၂၀၀ နှင့်အထက်ထွက်ရှိနိုင်ရေး ဆောင်ရွက်ရမည့် GAP နည်းလမ်းများ မျိုးကောင်းမျိုးသန့်ပွားများနိုင်ရေးနှင့်အခက်အခဲ ဖြေရှင်းရန်နည်းလမ်းများ၊ သွင်းအားစုစနစ်တကျဆောင်ရွက်ရန်နှင့် ပေါင်းမြက်ပိုးမွှားရောဂါကင်းဝေးရေး အချိန်မီဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မြေသြဇာကြဲပက်ပွဲ၌ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးတင်ဦးကြိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် တောင်သူများစုပေါင်း၍ မြေသြဇာကြဲပက်ခဲ့ကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**



# နေရာကွက်ကျား မိုးထစ်ချုန်းနိုင်

နေပြည်တော် မတ် ၆

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။** (မြန်မာ့အလင်း)

● ရှေ့ဖုံးမှ

အပြောင်းအလဲကတော့ အစပိုင်းမှာ ကျုပ်တို့အတွက် မုန်တိုင်း တစ်ခုလိုပဲ။ ခင်ဗျားစဉ်းစားကြည့်လေ။ ကျုပ်တို့ကို နှစ်ရှည်ပင်ဖြစ်တဲ့ သရက်နဲ့ သီဟိုဠ်စိုက်ခိုင်းတယ်ဗျာ။ ရေလုံးလုံးမရနိုင်တဲ့ နေရာတွေကလွဲလို့ ငှက်ပျောအစိုက်နှုန်းကိုလျှော့ချပြီး သရက်နဲ့ သီဟိုဠ်စိုက်ဖို့ ပညာတွေပေးတယ်။ မျိုးတွေပေးတယ်။ ခက်ပါပြီရော။ ကျုပ်တို့က ဒီနေ့ခုတ် မနက်ခင်း တက်ရောင်းပြီး ငွေရှာရသူတွေအဖို့ နှစ်ရှည်ပင်ဆိုတာ ဘယ်လိုလုပ် စိုက်နိုင်မလဲဗျာ။ အကွက်မြင်တဲ့သူတွေက စစိုက်ကြတယ်။ တဖြည်းဖြည်းချင်း တိုးပွားလာလိုက်တာ အခုဆိုရင် စိန်တစ်လုံး သရက်ဟာ တစ်ပြည်လုံးမှာ ပုပ္ပားသီးက အကောင်းဆုံးဗျ။ ဈေးကလည်း ဘာကောင်းသလဲမမေးနဲ့။ ကျုပ်တို့ရွာက အပင် ၆၀ လောက်ရှိတဲ့သူတောင် ဒီနှစ် သရက်ကနေ ငွေသိန်း ၁၀၀ လောက် သာသာလေးကဲ့ယူနိုင်ပြီ”ဟု လျှော်တောကျေးရွာသား ဦးသိန်းရင်က ပြောကြားသည်။

ပုပ္ပားဒေသသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် တစ်ခုတည်းသာကျန်ရှိသည့် အပူပိုင်းဒေသ ဂေဟစနစ်ရှိသည့် နေရာတစ်ခု ဖြစ်သည်။ ထို့ကြောင့် ရေဓာတ်စုပ်ယူမှုများပြားသည့် ငှက်ပျောစိုက်ခင်းများရှိရာ ပုပ္ပားတောင်မကြီး တစ်လျှောက် ကြိုးပြင်ကာကွယ်တောများတွင် နှစ်ရှည်ပင်များနှင့် သစ်တောပင်များ ပြောင်းလဲစိုက်ပျိုးရေးကို ၁၉၉၆ ခုနှစ်မှ စတင်ကာ စီမံချက်ရေးဆွဲ ဆောင်ရွက်ခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။


အပင်တိုင်းတွင် အသီးတင်နေသော သင်္ဘောပင်များ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရစဉ်။

“ငှက်ပျောက ရေစုပ်တဲ့အတွက် သစ်တောတွေရေရရှိမှုကို ခြိမ်းခြောက်လာခဲ့တယ်။ ပုပ္ပားတစ်ခွင်မှာ ရေထွက်စမ်း ၁၁၃ ခုတောင်ရှိတယ်။ တစ်နှစ်ပတ်လုံးထွက်တဲ့ စမ်းပေါက်က ၃၆ ခုရှိတယ်။ ရေရရှိမှုကို တွက်ကြည့်ရင် တစ်လကို ဂါလန်နှစ်သန်းကျော်ထွက်ခဲ့တာ။ ဒါပေမယ့် ငှက်ပျောစိုက်ခင်းတွေကြောင့် အချို့ရေထွက်စမ်းတွေက ရေမထွက်တော့ဘူး။ ၁၉၉၆ ခုနှစ်ကတည်းကစပြီး ငှက်ပျောစိုက်ခင်းတွေကို လျှော့ချလာလိုက်တာ အခုအချိန်မှာ ရေအလွန်ခက်ခဲတဲ့ နေရာတွေကလွဲပြီး ပုပ္ပားတစ်ခွင်လုံးမှာ စိန်တစ်လုံးအပါအဝင် သရက်စိုက်ဧက ၁၂၀၇ ဧက စိုက်လာခဲ့ပြီး အထွက်နှုန်းက တစ်ဧကမှာ ၁၂၀၉၉ လုံးအထိ ထွက်ရှိလာပြီ”ဟု ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးကြည်က ပြောကြားသည်။

ယခုအခါ ပုပ္ပားဒေသ၏ အဓိကထွက်ကုန်သည် ငှက်ပျောမဟုတ်တော့ဘဲ နှစ်ရှည်သီးနှံမျိုးဖြစ်သည့် စိန်တစ်လုံးသရက်နှင့် သီဟိုဠ်တို့က နေရာယူလာကြသည်။ စိုက်ပျိုးသူများ၏ကြိုးပမ်းမှုကြောင့် နဂါးမောက်သီးနှံများကိုလည်း စီးပွားဖြစ် စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

“အဓိကကတော့ ရေပေါ့ဗျာ။ ရေထွက်စမ်းတွေက ရေကို မော်တာတွေနဲ့ တွန်းတင်တယ်။ ရေရလာတဲ့အတွက် စိုက်ရပျိုးရတာ အလွန်လွယ်ကူလာတယ်။ စိုက်ပျိုးရေကောင်းတော့ သီးနှံအထွက်ကောင်းလာတယ်။ ကျွန်တော်တို့ကို စီမံချက်ချပေးထားတဲ့ သီးနှံတွေကလည်း နှစ်အတန်ရလာတော့ အဆင်ပြေခဲ့ပါတယ်။ စစချင်း နှစ်ရှည်ပင်ပြောင်းစိုက်ခါစမှာ အလွန်စိတ်ဆိုးခဲ့ကြဖူးတယ်။ အခုတော့ အစိုးရက စီမံချက်နဲ့ပြောင်းပြီး နှစ်ရှည်ပင်စိုက်ခိုင်းခဲ့တာကို ကျေးဇူးတွေတင်နေကြတာ။ ကျွန်တော်တို့အတွက် ငွေအစုလိုက် ထီပေါက်သလို နှစ်စဉ်ဝင်လာနိုင်တာကြောင့် အခုဆိုရင် ရွာတိုင်း၊ အိမ်ထောင်စုတိုင်း စိန်တစ်လုံး၊ ပတ္တမြားငမောက်နဲ့ နဂါးမောက်စိုက်နေကြပြီ”ဟု နတ်ကန်လည်ရွာသား ဦးတင်ဝင်းက ပြောကြားသည်။




လျှော်တောရွာသူမများ ခုတ်ယူပြီးသော ငှက်ပျောခိုင်များကို ရောင်းချရန်အတွက် ထုပ်ပိုးနေသည်ကို တွေ့ရစဉ်။

ပုပ္ပားတောင်မကြီး တောင်ပတ်လမ်းများ ဖောက်လုပ်ပေးခဲ့ခြင်းသည် ဒေသတစ်ခွင်၏ လူမှုစီးပွားဘဝများကိုမြင့်တင်ရာတွင် အဓိကကျခဲ့သည်။ တောင်သူအများစုသည် နှစ်ရှည်ပင်များအကြား သီးညှပ်အဖြစ် သင်္ဘော၊ ခရမ်းချဉ်၊ မာလကာ၊ ပိန္နဲ၊ ငရုတ်သီး၊ ခရမ်းသီးနှင့် ကြယ်ပဲများကို စိုက်ပျိုးကြပြီး နေ့စဉ် မြို့ပေါ်သို့ တင်ပို့ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းကြသည်။ နှစ်ပေါင်းများစွာက စိုက်ပျိုးကြသည့် ငှက်ပျောကိုလည်း ရေရရှိရန် ခက်ခဲသည့် နေရာအချို့တွင် ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

“နဂါးမောက်ကို ကျွန်မတို့ရွာက စစိုက်ခဲ့တာ။ ငှက်ပျောဆိုလည်း အခု ပုပ္ပားတောင်ကလပ်မှာ ကန်တော့ပွဲအတွက် အဓိကပို့နေတာ ကျွန်မတို့ရွာကပဲလေ။ အရင်က ဆင်းရဲတယ်။ ကျွန်မအဖေဆို အငြိမ်းစားကျောင်းအုပ်ဆရာကြီးပါ။ လွန်ခဲ့တဲ့ ၁၅ နှစ်က ပင်စင်လစာ သွားထုတ်ဖို့တောင် သူများဆီက ငွေချေးငှားပြီး သွားခဲ့ရတယ်။ အဖေက ပင်စင်လစာလေးနဲ့ နဂါးမောက်စစိုက်တယ်။ မြေနှစ်ဧကမှာ တစ်နှစ်ကို ကီလိုတစ်သောင်းလောက် ထွက်တယ်။ ဒီလိုနဲ့ လူမှုဘဝမြင့်လာခဲ့တယ်။ အခု အဖေ့ကို အတုယူပြီး သားသမီးတွေအားလုံးရော၊ ရွာသားတွေပါ နဂါးမောက်စိုက်ကြတယ်။ ရေထွက်စမ်းတွေကနေ စက်နဲ့စုပ်တင်ပြီး ရေဖြန့်ဝေပေးတော့ အများကြီး အကျိုးရှိလာခဲ့တယ်။ အခုလည်း ပြီးခဲ့တဲ့ရက်ပိုင်းမှာ သမ္မတကြီးက ရွာအထိရောက်လာပြီး ရွာမြောက်ပိုင်း ရေရဖို့အတွက် စီစဉ်ပေးမယ်လို့ ပြောသွားတယ်။ ကျွန်မတို့ ရွာထိပ်က လမ်းပိုင်း တစ်မိုင်ကျော်ကိုလည်း ဒီနှစ်အတွင်း ကျောက်ချောလမ်း ခင်းပေးမယ်လို့ ပြောပါတယ်။ လမ်းမရှိခင်တုန်းက ပုပ္ပားတောင်ကလပ်ကို နှစ်နာရီလောက် ကျွန်မတို့ လျှောက်ကြရတယ်။ ငှက်ပျောတွေကို ထမ်းပြီး သွားရတဲ့အတွက် ခရီးမတွင်သလို ရတာနဲ့မမျှအောင် ပင်ပန်းကြတယ်။ အခုတော့ အဆပေါင်းများစွာ အဆင်ပြေပြီပေါ့”ဟု လျှော်တောကျေးရွာသူ မနီနီက ပြောကြားသည်။

ပြောင်းလဲလာသည့် လူမှုဘဝများကို လေ့လာကြည့်သည့်အခါ အိမ်ခြေ ၂၇၁ အိမ်သာရှိသည့် လျှော်တောကျေးရွာသည် စပါး၊ နှမ်း၊ ပဲစင်းငုံ၊ နေကြာနှင့် အခြားသီးနှံများကိုလည်း ဒေသဖူလုံရေးအတွက် စိုက်ပျိုးလျက်ရှိပြီး သရက်၊ နဂါးမောက်နှင့် ငှက်ပျောတို့ကြောင့် လူဦးရေ ၁၁၀၆ ရှိသည့်အနက် လူတစ်ဦးချင်းဝင်ငွေမှာ ငွေကျပ် ၄၀၅၀၀၀ အထိ ရရှိနေကြောင်း ဒေသဆိုင်ရာ အချက်အလက်များမှ သိရသည်။ ကျောက်ပန်းတောင်းမြို့နယ်တစ်ခွင်လုံးအတွက်မူ သရက်စိုက်ပျိုးမှု ၁၂၀၇ ဧကနှင့် နဂါးမောက်စိုက်ပျိုးမှု ၂၄ ဧကခန့်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီးဌာနမှ ကျေးလက်မူလတန်းကျောင်းကို မူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်သွားမည့်အကြောင်းကို လျှော်တောရွာ အုပ်ချုပ်ရေးမှူးက “ရွာမှာ မူလတန်းကျောင်းပဲရှိတယ်။ အလယ်တန်းရောက်ရင် နတ်ကန်လည်ကို သွားတက်ရတယ်။ တစ်နာရီကျော်ကျော် သွားရတဲ့ခရီးမို့ ကလေးတွေ ပညာရေးအတွက် အခက်အခဲဖြစ်နေရတယ်။ အခုလို မူ/လွန် အဆင့် တိုးပေးလိုက်ရင် အနီးအနားက ကျေးရွာတွေအတွက်ပါ အဆင်ပြေလာမယ်။ မဟုတ်ရင် ရွာကကလေးတွေ ကျောင်းမနေဖြစ်ကြတော့တာ များနေတာ။ ကိုယ့်ရွာတင် အလယ်တန်း အဆင်ပြေရင် အများကြီးဟန်ကျပြီ”ဟု ဖြေကြားသည်။

လျှော်တောကျေးရွာသည် ပုပ္ပားတောင်မကြီးတစ်နေရာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၀၀၀ ကျော်တွင်တည်ရှိပြီး ပုပ္ပားတောင်ဥယျာဉ်မှ ကွန်ကရစ်လမ်းခရီး ငါးမိုင်ခန့် ဖောက်လုပ်ထားသဖြင့် လမ်းပန်းဆက်သွယ်မှု အားကောင်းလာသည့်အပြင် ယခုအခါ ရွာထိပ်မှ ဆည်အထိ ကျောက်ကြမ်းလမ်းကို ကျောက်ချောလမ်းအဖြစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

“မြို့ပေါ်မြေဈေးတက်တာတော့ ပုပ္ပားတောင်ပေါ်က လိုက်မီပါတယ်ဗျ။ ကြိုးဝိုင်းဧရိယာတွေ ဖယ်ထုတ်လိုက်ရင် တောင်ပေါ်မှာလည်း စိုက်ပျိုးစရာ မြေအကုန်မှာ စိုက်ကြတာ။ မြေဈေးတွေက တစ်ဧကကို သိန်း ၁၀၀ ကျော်အထိရှိတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းပြီး စိုက်သမျှ အောင်မြင်တော့ မြို့ပေါ်ကလူတွေကလည်း စိတ်ဝင်စားလာကြတယ်။ နဂါးမောက်စိုက်သူတွေဆိုရင် သရက်ထက် နှစ်နည်းတော့ ငွေရပိုလွယ်ပါတယ်။ တစ်နှစ်မှာ နှစ်ခါ အသီးတင်တာလေ။ တစ်ခါ အသီးတင်ရင်လည်း တစ်ပင်ကို ငါးလုံးဝန်းကျင်နဲ့ လေးကျော့လောက်ပြန်သီးတာ။ အပင်တစ်ပင်ကနေ တစ်နှစ်ကို ၃၂ လုံးကနေ ၄၅ လုံးအထိ သီးတယ်။ ၂၀၁၃ လောက်အထိ ဈေးက တစ်ကီလိုကို ငွေကျပ် ၂၀၀၀ ပြေးမလွတ်ဘူး။ အခုတော့ စိုက်သူများလာလို့ ဝင်ငွေနည်းနည်းလျော့လာတယ်။ တစ်ကီလိုကို ငွေကျပ် ၁၃၀၀ လောက်ရတယ်။ စိုက်ခင်းရှင်တွေ ဝင်ငွေကောင်းတော့ စိုက်ပျိုးရေးသမားတွေလည်း ခေတ်ကောင်းလာတယ်။ တစ်လကို သရက်သမားက ငွေတစ်သိန်းမရရင် မလုပ်ကြဘူး။ နေ့တွက်နဲ့ ငှားတဲ့အလုပ်သမားဆိုလည်း အလုပ်လုပ်ချိန် တစ်နေ့ ၇ နာရီကို ငွေ ၅၀၀၀ အောက်ထစ် ပေးကြရတယ်။ ဝင်ငွေတွေမြင့်လာတော့ လူမှုဘဝလည်း ရေမြင့်လို့ ကြာတင့်လာတာပေါ့”ဟု စိန်တစ်လုံး အစေ့စိုက်ပျိုးခြင်းမှ ယခုနှစ်တွင် ငွေကျပ်သိန်း ၇၀ ခန့် အမြတ်ရရန် မျှော်လင့်ထားသည့် ဦးထွန်းရွှေက ပြောကြားသည်။

“အဓိကကတော့ ကျွန်တော်တို့အတွက် လမ်းပန်းဆက်သွယ်ရေး မြင့်မားလာတာလည်း လူမှုစီးပွားဘဝတွေ မြင့်မားလာဖို့ဖြစ်ခဲ့ပါတယ်။ ပုပ္ပားတောင်မကြီး တောင်ပတ်လမ်း

စာမျက်နှာ ၇ ကော်လံ ၁ သို့


ခရမ်းသီးစိုက်ခင်းတွင် ခရမ်းသီးများ ခူးဆွတ်နေသည်ကို တွေ့ရစဉ်။

# အမေရိကန်မှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သွားဘက်ဆိုင်ရာဆရာဝန်များ ပူးပေါင်းသောအဖွဲ့ ကျောက်ပန်းတောင်းမြို့ ကျေးလက်ပြည်သူတို့၏ သွားနှင့် ခံတွင်းရောဂါများ ကျန်းမာရေးစောင့်ရှောက်မှုပေး

**ကျောက်ပန်းတောင်း မတ် ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းကျေးရွာအုပ်စု၌ တောင်ပုလု ပြည့်ဝရှင်ကျောင်းဆရာတော် အရှင်ပညာသီရိ၏ စီစဉ်မှုဖြင့် အမေရိကန်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သွားဘက်ဆိုင်ရာ ဆရာဝန်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဒေသအတွင်းရှိ ကျေးလက်နေပြည်သူများ၏ သွားနှင့်ခံတွင်းရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို မတ် ၅ ရက်မှ ၆ ရက်အထိအဆိုပါ မကျီးတိုင်းကျေးရွာအုပ်စု တောင်ပုလု ပြည့်ဝရှင်ကျောင်းတွင် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ သွားနှင့် ခံတွင်းဆိုင်ရာ ရောဂါများ ကုသရေးအဖွဲ့တွင် အမေရိကန်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများဖြစ်ကြသော Dr.Maureen Valley၊ Dr.Richard Schmotter၊ Dr.Alex Schmotter နှင့် Dr.Bliss Zin တို့ပါဝင်ပြီး မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန (နေပြည်တော်)မှ ဒေါက်တာခင်မောင် ဦးဆောင်သည့် သွားဘက်ဆိုင်ရာ ဆရာဝန် ၂၈ ဦးနှင့် အထောက်အကူပြုဝန်ထမ်းများပါဝင်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနက ကျွန်တော်အပါအဝင် ကျန်းမာရေးဝန်ထမ်းစုစုပေါင်း ၅၁ ဦးပါပါတယ်။ ဆရာတော်ရဲ့ မေတ္တာရပ်ခံချက်အရ ကျွန်တော်တို့လည်း ကုသိုလ်ဖြစ် ပါဝင်ကူညီ ဆောင်ရွက်ပေးကြတာပါ။ ကျွန်တော်တို့အဖွဲ့ရဲ့ သွားရေးလာရေးကိစ္စတွေကိုတော့ ထူးဖောင်ဒေးရှင်းနဲ့ Air Bagan တို့က ပူးပေါင်းတာဝန်ယူတာပါ"ဟု ကျန်းမာရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်က ပြောသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် သွားနှင့်ခံတွင်းဆိုင်ရာ ကုသမှုများဖြစ်သည့် သွားနုတ်ခြင်း၊ သွားစိုက်ခြင်း၊ သွားဖာခြင်း၊ ချိုးခြစ်ခြင်းနှင့် အံကပ်တပ်ခြင်းများကို အခမဲ့ဆောင်ရွက်ပေးခြင်းဖြစ်ရာ ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ကျေးရွာများနှင့် ကျောက်ပန်းတောင်းမြို့ပေါ်မှ ပြည်သူများ၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် အနီးဝန်းကျင် မြို့နယ်များရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများ လာရောက်၍ ကုသမှုခံယူလျက်ရှိကြရာ မတ် ၅ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ လူနာ ၄၈၅ ဦးကို ကုသမှုပေးခဲ့သည်။ မတ် ၆ ရက်တွင် နံနက် ၇ နာရီမှ စတင်လက်ခံကုသပေးလျက်ရှိရာ မွန်းလွဲ ၁ နာရီတွင် လူနာ ၁၂၄ ဦးစာရင်းလက်ခံ ထားရှိပြီး ညနေ ၆ နာရီအထိ ကုသပေးခဲ့ရာ နှစ်ရက်အတွင်း ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် ပြည်သူ စုစုပေါင်း လူနာ ၆၀၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## အရန်မျိုးစေ့များ ကြိုတင်စီမံစုဆောင်းထားရှိရေး နှိုးဆော်ချက်

၁။ ယခင်နှစ် မြန်မာနိုင်ငံ အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့ပြီး စပါးစိုက်လယ်မြေများ ရေနစ်မြုပ်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့မှုအပေါ် အချိန်မီပြန်လည် စိုက်ပျိုးရေးအတွက် မျိုးလုံလောက်မှုမရှိသည့် အခက်အခဲများ ကြုံတွေ့ခဲ့ပါသည်။

၂။ မိုးရာသီကာလတွင် ရေကြီးရေလျှံဖြစ်လေ့ ဖြစ်ထရှိသောဒေသများအနေဖြင့် လာမည့်မိုးရာသီကာလအတွက် **အရန်မျိုးစေ့များကို ယခုနှစ် နွေသီးနှံပေါ်ချိန်တွင် ကြိုတင်စီမံစုဆောင်းထားရှိကြရန်** လိုအပ်မည်ဖြစ်ပါသည်။

၃။ ရာသီဥတုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုရှိလာသည့်ကာလတွင် နိုင်ငံ၏ စားရေရိက္ခာ ထုတ်လုပ်မှုကို မထိခိုက်စေရေးအတွက် အချိန်မီအချိန်ကိုက် ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ကြရန်၊ လိုအပ်သော **အရန်မျိုးစေ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စီမံချက်များဖြင့် မြို့နယ်အသီးသီးတွင် ကြိုတင်စီမံစုဆောင်းထားရှိကြရန်** နှိုးဆော်အပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

*စာမျက်နှာ ၆ မှ*

တွေက ရွာစဉ်အလိုက် ဆက်ထားတာဆိုတော့ ပုံမှန်မိုင် ၂၀ ခရီး ပုပ္ပားတောင်ကလပ်ကို ခုနစ်မိုင်နဲ့ အရောက်သွားနိုင်တယ်။ ၂၀၀၇ ခုနှစ် လမ်းတွေပြီးစကတည်းကစပြီး အဆင်ပြေလာလိုက်တာ တဖြည်းဖြည်းနဲ့ ကျောက်ချောလမ်းတွေဖြစ်လာခဲ့တယ်။ လမ်းပိုင်းအများစုက ကတ္တရာလမ်းတွေ ဖြစ်လာတဲ့အခါ ကျွန်တော်တို့ ဘဝတွေလည်း မြင့်မားလာတယ်။ စိုက်ပျိုးတဲ့သူ များလာပေမယ့် မြေကတိုးမလာတာကြောင့် ကြိုးဝိုင်းမြေထဲက စိုက်ပျိုးမြေအနည်းငယ်တိုးပေးနိုင်ရင် ကျွန်တော်တို့အတွက် အဆင်ပြေနိုင်ပါတယ်"ဟု ညောင်ချိုင်းရွာမှ ဒေသခံတစ်ဦးက ပြောသည်။

"ရေရရှိမှုနဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုတွေဟာ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စတွေမှာ အများကြီးမြင့်မားလာတယ်။ စီးပွားရေးမှာလည်း မြေကကောင်းပြီး နှစ်ရှည်ပင်တွေကလည်း အသီးအပွင့်ခံစားရတဲ့ကာလမို့ ပုပ္ပားတစ်ဝိုက် ဖွံ့ဖြိုးမှု အားကောင်းလာပါတယ်။ ဒါပေမယ့် အခက်အခဲတွေတော့ ရှိနေတုန်းပါပဲ။ သရက်မျိုးတွေထဲမှာ စိန်တစ်လုံးရော ပတ္တမြားငမောက်ပါ အလွန်ကောင်းပေမယ့် အရောင်အသွေးနဲ့ အသီးရဲ့အရည်အသွေးကို အခုထက်ပိုပြီး အဆင့်မြှင့်နိုင်ဖို့ လိုအပ်နေပါသေးတယ်။ ထုပ်ပိုးတဲ့အခါမှာလည်း စနစ်မကျတာတွေ ရှိနေသေးတော့ ဈေးကွက်ဖြန့်ကြက်မှုကလည်း ပွဲစားတွေကို အဓိကအားကိုးနေရတာမို့ နိုင်ငံတော်က ကူညီပေးစေချင်တယ်။ နဂါးမောက်ဆိုရင် အလုံးလှပြီး ရောင်းတန်းဝင်ပေမယ့် ဈေးကွက်က အားနည်းလို့ ထင်သလောက် အမြတ်မထွက်ကြဘူး" ဟု လျှော်တောကျေးရွာမှ မူလတန်းပြဆရာမ ဒေါ်မြမြသက်က ပြောသည်။



ပုပ္ပားဒေသရှိ စိန်တစ်လုံးသရက်ပင်များ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရစဉ်။

ရေထွက်စမ်းများမှ ရေများကို တစ်နှစ်ပတ်လုံး အားကိုးအသုံးပြုနေကြသည့် ပုပ္ပားဒေသတွင် ရေအားကို အသုံးပြုကာ တစ်နိုင်တစ်ပိုင် လျှပ်စစ်ထုတ်ယူခြင်းများကိုလည်း မြင်တွေ့ရပြီး ဆိုလာစနစ်သုံး လျှပ်စစ်မီးသွယ်တန်းမှုများကိုလည်း အများအပြား မြင်တွေ့ရသည်။

နွေဦးကာလ ရောက်သည့်တိုင် သစ်ရိပ်ဝါးရိပ်တို့ဖြင့် အေးချမ်းနေသည့် စကားဝါမြေသည် တောတောင်လျှိုမြောင် စိမ့်စမ်းအသွယ်သွယ်တို့ဖြင့် အလွန်သာယာလှပလျက်ရှိသည်။ ကျေးငှက်များ၏ အော်မြည်သံသည် နံနက် ၁၁ နာရီ နေရောင်အောက်တွင်ပင် စိတ်ကိုကြည်နူးချမ်းမြေ့စေသည်။ ဖြောင့်ဖြူးနေသော ပုပ္ပားတောင်မကြီး ပတ်လမ်းတစ်လျှောက် ဆိုင်ကယ်စက်သံများ၊ လိုက်ထရပ်ကားသံများ မပြတ်ထွက်ပေါ်နေသကဲ့သို့ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်စီတွင်လည်း တသွင်သွင်စီးဆင်းနေသည့် စိမ့်စမ်းရေကျဆင်းသံများကို ကြားနေရသည်။ စိုက်ပျိုးရေးသမားများ၏ စုပေါင်းလှုပ်ရှားမှု မြင်ကွင်းများနှင့် ပျော်ရွှင်စွာ စကားပြောဆိုသံများကိုလည်း မြင်တွေ့ကြားသိနေရသည်။

ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း ၄၉၀၀ ကျော်အမြင့်ရှိသည့် ပုပ္ပားတောင်မကြီးထက်မှ ထုံးဖြူဖွေးဖွေးစေတီတို့က နံနက်ခင်း နေရောင်အောက်တွင် တင့်တယ်စွာ စံပယ်နေသည်။ ရှုမဆုံးနိုင်သည့် မြင်ကွင်းအလှအပများကို ဓာတ်ပုံရိုက်ကူးနေသည့် ကျွန်မတို့ကို "ရိုက်ပြီးသွားရင် ဖေ့စ်ဘွတ်ခ်မှာ မတင်နဲ့နော်။ ပြန်တွေ့ရင် ရှက်စရာကြီး"ဟု ငှက်ပျောခုတ်နေသည့် လျှော်တောရွာသူများက သူတို့၏လက်ကိုင်ဖုန်းများကို မြှောက်ပြရင်း စီစီညံညံ စနောက်သံများ ထွက်ပေါ်လာသည်။ ပုပ္ပားတောင်ဝန်းကျင်မှ ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သော လူမှုစီးပွားဘဝများကို မုဒိတာပွားခဲ့ရပါသည်။



ကျေးရွာချင်းဆက် ပုပ္ပားတောင်ပတ်လမ်းကို တွေ့ရစဉ်။

■ *ကျောဖုံးမှ*

ဆက်လက်၍ မင်္ဂလာဆိပ်ခံတံတားသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလံများကို နောင်ရိုးမြန်မာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာက တာဝန်ရှိသူများထံ ပေးအပ်ပြီး တံတားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးအား ပေးအပ်သည်။ ယင်းနောက် မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဆိပ်ခံတံတားကို နိုင်ငံတော်အစိုးရမှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ်သိန်း ၂၀၀၀ ခွင့်ပြုငွေဖြင့် နောင်ရိုးမြန်မာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ တာဝန်ယူကာ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ယင်းဆိပ်ခံတံတားတွင် အမြန်ရေယာဉ်များ နေ့စဉ်တစ်နေ့နှစ်ကြိမ် အသွားအပြန်လေးခေါက် ထွက်ခွာဆိုက်ကပ်ပြီး တစ်နေ့ပျမ်းမျှ လူဦးရေ ၄၀၀ ခန့် နေ့စဉ်အသုံးပြုသွားလာလျက်ရှိသည်။

"ကျွန်းစုရေဆိပ်ရဲ့ ထူးခြားချက်နဲ့ကိုက်ညီတဲ့ ရေတက်ရေကျနှစ်မျိုးစလုံး အသုံးပြုလို့ရတဲ့ ဆိပ်ခံတံတားတည်ဆောက်ပေးတဲ့အတွက် ကတန်ကျွန်းပေါ်မှာ နေထိုင်ကြတဲ့ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာ ၂၅ ရွာက ဒေသခံပြည်သူတွေ ဆိပ်ခံတံတားကို အသုံးပြုပြီး မိမိတို့လိုရာခရီးကို လွယ်ကူအဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီ ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို အထူးကျေးဇူးတင်ရှိပါတယ်"ဟု ကျွန်းစုမြို့နေ ဦးခင်စိုးက ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**




**ကျွန်းစုမြို့ မင်္ဂလာဆိပ်ခံတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။** (ပြန်/ဆက်)

# ဗန္ဓုလလျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးရေရရှိသဖြင့် တောင်သူများ စိုက်ပျိုးရေးအဆင်ပြေ

ချောင်းဦး မတ် ၆

**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည့် တောင်သူများ ယခုနှစ်နွေရာသီတွင် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ဗန္ဓုလလျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးမြေ ဧက ၅၀၀ ကျော်အား စိုက်ပျိုးရေကို ဖြန့်ဝေပေးလျက်ရှိသဖြင့် တောင်သူများ စိုက်ပျိုးရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။**



"ရွှေလှေကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် သီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် မြစ်ရေတင်လုပ်ငန်းက စိုက်ပျိုးရေနဲ့ စိုက်ပျိုးတာ ၂၀၁၄ ခုနှစ်ကတည်းကပါ။ အရင်က ကိုယ်ပိုင် အဝီစိတွင်းတွေ၊ မြစ်အတွင်းက ကိုယ်ပိုင်ရေတင်စက်တွေနဲ့ စိုက်ပျိုးကြရတာ။ အခက်အခဲအမျိုးမျိုးကြောင့် သီးနှံတွေကို သိပ်ပြီးမစိုက်နိုင်ဘူး။ လျှပ်စစ်မြစ်ရေတင်နဲ့ကျမှ အခု ဧက ၇၀၀ ဝန်းကျင်လောက် သီးနှံမျိုးစုံကို စိုက်နိုင်လာတယ်။ ချင်းတွင်းမြစ်ရေတွင် နုန်းမြေပါတဲ့အတွက် စိုက်ပျိုးမြေတွေလည်း ပြောင်းလာတယ်။ သီးနှံအထွက်နှုန်းလည်း တစ်နှစ်ထက်တစ်နှစ် ပိုလာတဲ့အတွက် တောင်သူတွေ အဆင်ပြေပါတယ်။ စပါးဆို တစ်ဧကကို ပျမ်းမျှ ၉၀ ဝန်းကျင်လောက် အထိထွက်တယ်။ ယာမြေတွေကို လယ်မြေအဖြစ် တဖြည်းဖြည်း ပြောင်းစိုက်လာတဲ့အတွက် တစ်နှစ်ထက် တစ်နှစ် လယ်မြေစိုက်ဧကလည်း တိုးလာတယ်။ ဒီနှစ်က ရာသီဥတု အပူများမယ်လို့ သိရတဲ့အတွက် မြစ်ရေ လုံလောက်စွာ ရရှိရေးအတွက် ပြင်ဆင်မှုတွေလုပ်ပြီးပါပြီ။ လက်ရှိမှာ မြစ်ရေတင် စက်နှစ်လုံးမှာ နေ့ဘက်မှာ တစ်လုံးမောင်းပြီး ညဘက်ပိုင်းမှာ စက်နှစ်လုံး မောင်းတဲ့အတွက် ရေလုံလောက်မှုရှိပါတယ်"ဟု ရွှေကျင်ကျေးရွာမှ ဗန္ဓုလလျှပ်စစ်မြစ်ရေတင်ရရှိရေး ကော်မတီဝင်တစ်ဦးကပြောသည်။

ဗန္ဓုလလျှပ်စစ် မြစ်ရေတင်မှ စိုက်ပျိုးရေကို မြောင်းမကြီးမှ တစ်ဆင့် တောင်မြောက် သွယ်တန်းလျက်ရှိသော ခနပဒေသာမြောင်း၊ ကြားမြောင်း သုံးမြောင်းတို့ဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ကြားမြောင်းများ ဆက်လက်ဖော်ဆောင်လျက်ရှိကြောင်းနှင့် အဆိုပါလုပ်ငန်းများပြီးစီးပါက ဧက ၁၀၀၀ အထိ စိုက်ပျိုးရေ လုံလောက်စွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## နေ့အပူချိန်များ အနည်းငယ်တိုးနိုင်

**နေပြည်တော် မတ် ၆**

လွန်ခဲ့သော ၂၄ နာရီအတွင်းက နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ တစ်ပြည်လုံးတွင် မတ်လ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိသည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ကြို့ပင်ကောက်မြို့နှင့် ဘော်လခဲမြို့ တို့တွင် ၃၈ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့် အတင့်ရှိမည်။ **(မိုး/ဇလ)**

# ခရီးသည်တင်ယာဉ်လိုင်း လိုင်းကားကြီးအချို့ မဟာဗန္ဓုလလမ်းပေါ် စည်းကမ်းမဲ့မောင်းနှင်ဆဲ

**ရန်ကုန် မတ် ၆**

လမ်းမတော်မြို့နယ်အတွင်းရှိ တစ်လမ်းမောင်းလမ်းမကြီးဖြစ်သော မဟာဗန္ဓုလ လမ်းပေါ်၌ လမ်းလယ်ကပ်တုံးဝါများ စီတန်းချထားသည်ကို မတ်လဆန်းတွင် မြင်တွေ့ရသည်။ သို့သော် ခရီးသည်တင်ယာဉ်ကြီးများအနက် မဟာဗန္ဓုလလမ်းအတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်မည့် ယာဉ်လိုင်းအချို့မှ ယာဉ်ကြီးများသည် လမ်းလယ်တုံးတန်း၏ ခရီးသည်တင်ယာဉ်လိုင်းကြော မဟုတ်သည့်ဘက်မှ မောင်းနှင်သွားလာမှုကို မြင်တွေ့နေရဆဲဖြစ်သည်။ **(ယာပုံ)**

မတ် ၆ ရက်နံနက် ၈ နာရီဝန်းကျင်တွင် မြောက်ဥက္ကလာ-ကြည့်မြင်တိုင်- တာမွေအဝိုင်းပတ် အထူးယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်ကြီးတစ်စီးသည် လမ်းလယ်တုံးတန်း၏ ခရီးသည်တင် ယာဉ်ကြောမဟုတ်သည့်ဘက်မှမောင်းနှင်ကာ လှည်းတန်းလမ်းထိပ်ရှိ ယာဉ်ဖြတ်လမ်းပေါက်မှတွေ့၍ လမ်းကြောင်းမှန်ပေါ်သို့ ပြောင်းလဲမောင်းနှင်သည်ကို မြင်တွေ့ရသည်။ ယင်းသို့တွေ့ရာတွင် လမ်းကြောင်းမှန်သွား ခရီးသည်တင်ယာဉ်လိုင်းမှယာဉ်ကြီးများ၊ လမ်းဘေးတွင် အလုပ်လုပ်နေသော သန့်ရှင်းရေး ဝန်ထမ်းတို့အတွက် ထိပ်တိုက်တွေ့ဆုံပြီးယာဉ်အန္တရာယ်များဖြစ်ပေါ်လာနိုင်သည်ဟု မြင်တွေ့ရသူတစ်ဦးက ပြောသည်။

မဟာဗန္ဓုလ လမ်းပေါ်တွင် နံနက်ပိုင်းလှည့်ကင်းက စောင့်ကြည့်အရေးယူမှုရှိသော်လည်း လှည့်ကင်းမရှိချိန်တွင် လေးစားလိုက်နာမှု အားနည်းနေမှုရှိနေဆဲ ဖြစ်သည်ဟု ယင်းနေရာဝန်းကျင် နေထိုင်သူများက ပြောသည်။

မတ် ၆ ရက် နံနက်ပိုင်း(တနင်္ဂနွေနေ့) တွင် လမ်းမပေါ် ယာဉ်သွားလာမှု ပုံမှန်ရက်ထက်လျော့ချိန်မှာပင် စည်းကမ်းမဲ့မောင်းနှင်မှုများ မြင်တွေ့နေရခြင်း ဖြစ်သည်။

**ခင်ဆိုင်**



# တောင်ငူမြို့နယ် စာရေးဆရာအသင်း အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

**တောင်ငူ မတ် ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၉ နာရီက တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းသားများ စုံညီစွာတက်ရောက်ပြီး အသင်းနာယကများဖြစ်ကြသော ဦးကျော်လှ (သတင်းစာဆရာ)နှင့် ဦးသောင်းရွှေ(ကေတု-မောင်ညိုလင်း)တို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးအေးရွှေက နိုင်ငံတော်အဆင့် စာပေဆုများရရှိခဲ့ကြသည့် အသင်းဝင်စာရေးဆရာများဖြစ်ကြသော ကေတုမောင်ညိုလင်း၊ တက္ကသိုလ်ပွင့်သူအောင်၊ အောင်ခန့်ဖြိုးဝေ (တောင်ငူ)နှင့် ကာတွန်းကိုကိုဇော်(တောင်ငူ)တို့ လေးဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ကြရာ ဥက္ကဋ္ဌအဖြစ် ဦးစံလှ (စံ-ကေတု)၊ အတွင်းရေးမှူးအဖြစ် ဦးဇော်ဇော်(ဇော်ဇော်)၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးကျော်မြင့်(မဟောသဓ)၊ အမှုဆောင်များအဖြစ် ဦးအေးရွှေ (အေးရွှေ-ကေတုမတီ)နှင့် ဦးကိုကိုဇော်(ကာတွန်းကိုကိုဇော်-တောင်ငူ)တို့ကို ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

# ဘီပိုး၊ စီပိုး ဖြစ်ပွားမှုအများဆုံး နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံပါဝင်နေ

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံ ကျန်းမာရေးဦးစီးဌာနက ၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သော စာရင်းဇယားများအရ မြန်မာနိုင်ငံ၌ လူဦးရေ ၃ ဒသမ ၃ သန်းကျော်တွင် Hepatitis B ရောဂါပိုးရှိနေကြပြီး ၁ ဒသမ ၃ သန်းသည် Hepatitis C ရောဂါပိုး ရှိနေကြောင်း၊ အဆိုပါ ရောဂါများကို အကြောင်းပြု၍ Cirrhosis နှင့် အသည်းကင်ဆာရောဂါများ ဖြစ်ပေါ်စေခဲ့ကြောင်း ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ပင်လုံဆေးရုံ၌ ကျင်းပသည့် အစာအိမ် အူလမ်းကြောင်းနှင့် အသည်းဌာန ဖွင့်လှစ်ခြင်းအခမ်းအနားမှ သိရသည်။

"မြန်မာနိုင်ငံမှာ ကျန်းမာရေးဦးစီးဌာနက ကောက်ယူတဲ့ စာရင်းဇယားတွေထက် ဘီပိုး၊ စီပိုး ဖြစ်ပွားမှုက များမယ်လို့ ပြောလို့ရတယ်။ ကမ္ဘာ့စာရင်းဇယားကို ကြည့်ရင်လည်း မြန်မာက အဖြစ်အများဆုံး နိုင်ငံစာရင်းထဲမှာ ပါနေတယ်"ဟု အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်းက ပြောသည်။

အစာအိမ် အူလမ်းကြောင်းနှင့် အသည်းဌာနကို စင်ကာပူအခြေစိုက် Asian American Medical Group၊ ပင်လုံဆေးရုံနှင့် လမ်း ၃၀ ဆေးခန်းတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ၌ ပထမဆုံး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ ဆေးပညာမှာ တော်တဲ့သူတွေရှိတယ်။ ဒါပေမယ့် အဆင့်မီကိရိယာ မရှိတဲ့အတွက် ဆေးကုသမှုခံယူမယ့်သူတွေက နိုင်ငံခြားကိုထွက်ပြီး ဆေးကုနေရတယ်။ စင်ကာပူက ဆေးရုံကြီးအတိုင်း ပင်လုံဆေးရုံမှာ ခေတ်မီကိရိယာတွေ အားလုံးတပ်ဆင်ထားတယ်။ အဲ့ဒီအတွက် နိုင်ငံခြားကိုထွက်ပြီး ကုစရာမလိုတော့ဘူး။ အိမ်နီးချင်းနိုင်ငံတွေကလည်း ဒီမှာလာကုသနိုင်ပြီ။ အသည်းအစားထိုးကလွဲပြီး အားလုံးကုလို့ရတယ်။ အသည်းအစားထိုး အဆင့်ထိရောက်အောင် တဖြည်းဖြည်းချင်း ဆောင်ရွက်သွားဖို့လည်း ရည်ရွယ်ထားတယ်"ဟု ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်းက ပြောသည်။

ပင်လုံဆေးရုံသည် ၂၀၀၇ ခုနှစ်တွင် ကျန်းမာရေးဝန်ဆောင်မှုပေးရန်အတွက် ခုတင် ၃၀၀ ဖြင့် စတင်ခဲ့သော ပုဂ္ဂလိကဆေးရုံဖြစ်ပြီး အထွေထွေဆေးဝါးနှင့် ခွဲစိတ်ကုသရေးဌာနတစ်ခုအဖြစ်မှ ပင်လုံကင်ဆာဌာန၊ ပင်လုံနှလုံးဌာန၊ ပင်လုံ Hemodialysis ဌာနတို့ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ အစာအိမ် အူလမ်းကြောင်းနှင့် အသည်းဌာနကိုပါ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ပင်လုံဆေးရုံ၏ ကျောက်ကပ်ရောဂါအထူးကုဌာနတစ်ခု ဖြစ်သည့် Hemodialysis ဌာနသည် သက်ရှိလှူဒါန်းသူများထံမှ ကျောက်ကပ်လှူဒါန်းမှုများကို အောင်မြင်စွာ အစားထိုးကုသမှု ပေးနေသည့် ဌာနတစ်ခုဖြစ်ကြောင်းလည်း သိရသည်။ **မင်းသစ်**

# မြစိမ်းရောင်စီမံကိန်းတစ်နှစ်ပြည့် ကျေးရွာသို့ ကွင်းဆင်းတွေ့ဆုံဆွေးနွေး

**ချောင်းဦး မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာဦးနှင့် ဝန်ထမ်းများသည် သန်းပင်ကန်ကျေးရွာအုပ်စု ကိုးတောင်ကန် မြစိမ်းရောင်စီမံကိန်း ကျေးရွာသို့ကွင်းဆင်း၍ ကျေးရွာမြစိမ်းရောင် ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကွင်းဆင်းတွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးက ကျေးရွာမြစိမ်းရောင် ကော်မတီဝင်များအနေဖြင့် မြစိမ်းရောင်စီမံကိန်း အတိုးရငွေကို ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါက ကျေးရွာသူ ကျေးရွာသားများနှင့် စနစ်တကျ ညှိနှိုင်းဆွေးနွေးပြီး အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အတူ ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြပေးရန်နှင့် မြစိမ်းရောင်ရန်ပုံငွေ ဒုတိယအကြိမ် ပြန်လည်ထုတ်ချေးပေးနိုင်ရန်အတွက် ယခင်နှစ် လုပ်ငန်းအတွေ့အကြုံအပေါ် မူတည်၍ စည်းကမ်းချက်များ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် လိုအပ်သည်များ ဖြည့်သွင်းရေးဆွဲကာ စည်းကမ်းနှင့်အညီ လျှောက်လွှာ ဖြည့်သွင်းခြင်းတို့ကို စိစစ်၍ မြို့နယ်သို့ အမြန်ဆုံးတင်ပြနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိုးလေဝသပညာရှင်များ ခန့်မှန်းထားချက်အရ ၂၀၁၆ ခုနှစ် နွေရာသီကာလအတွင်း အယ်နီညိုရာသီဥတု ဖြစ်ပေါ်မည်ဖြစ်သောကြောင့် ကျေးရွာ၌ လက်ရှိရေသုံးစွဲမှု အခြေအနေ၊ စက်ရေတွင်းများ လည်ပတ်သုံးစွဲနိုင်မှု အခြေအနေ၊ မိုးရေလှောင်ကန်များကို ကွင်းဆင်းစစ်ဆေးပြီး ရေပြတ်လပ်မှုရှိပါက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားပေးရန် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြုကော်မတီ၊ ကျေးရွာရေကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးလက်လူငယ်များနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲအောင်(ချောင်းဦး)**



# မူဆယ်-လားရှိုး-မန္တလေး-ဂုတ်တွင်း ကားလမ်းပွင့် ပုံမှန်အတိုင်း မော်တော်ယာဉ်များသွားလာ

**သီပေါ မတ် ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီး၏ မန္တလေး-လားရှိုး-မူဆယ် ကားလမ်းပေါ်ရှိ နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်အကြား ဂုတ်တွင်းလမ်း၌ ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၃ ရက်အထိ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားခဲ့ရာ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

မတ် ၃ ရက် ညနေ ၃ နာရီမှ ၆ နာရီအထိ မူဆယ်၊ လားရှိုး၊ သီပေါ၊ ကျောက်မဲမှ မော်တော်ယာဉ်များကို လည်းကောင်း၊ ညနေ ၆ နာရီမှ ည ၁၂ နာရီအထိ မန္တလေးမှ လားရှိုးသို့ လည်းကောင်း၊ မတ် ၄ ရက် တွင် ည ၁၂ နာရီမှ နံနက် ၆ နာရီအထိ မူဆယ်၊ လားရှိုး၊ သီပေါ၊ ကျောက်မဲမှ မန္တလေးသို့ လည်းကောင်း၊ နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မန္တလေးမှ လားရှိုးဘက်သို့ လည်းကောင်း မော်တော်ယာဉ်များကို အစုန်၊ အဆန် အချိန်သတ်မှတ်စေလွှတ်ပေးခဲ့သဖြင့် ယနေ့မွန်းလွဲ ၂ နာရီမှစ၍ မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)** **စိုင်း(သီပေါ)**

**ရာသီဥတု အပူဒဏ်ပြင်းထန်မှုကြောင့် ဝေဒနာခံစားနေရသူ သက်ကြီးရွယ်အိုများအား ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်၌ မတ် ၆ ရက်က မြန်မာ့ကြယ်ဖြူဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က အခမဲ့ကျန်းမာရေး စောင့်ရှောက်ကုသပေးမှုကို တွေ့ရစဉ်။**
မျိုးမင်းသိန်း(မရမ်းကုန်း)



# မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးထုပ်ပိုးပုံစံဖြင့် ထုပ်ပိုးထားပြီး မည်သည့်မှတ်ပုံတင်မှုမရှိဘဲ အနောက်တိုင်းဆေးဝါးပါဝင်သည်ဟု ဖော်ပြထားသောဆေးဝါးများဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

**(က) တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ(၂၀)မျိုး**

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | ရသာစုံ | အစာကြေလေနိုင် ချောင်းဆိုးပျောက်ဆေး | ဆေးမှုန့်/ ဆေးဘူး | မိဘမေတ္တာဆေးတိုက်၊ ၄၃၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။ |
| ၂။ | UBK | နားကြပ်ဆေး | ဆေးရည်/ ဆေးဘူး | UBK တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ၃၅ လမ်း၊ ၅၆×၅၇ လမ်းကြား၊ ဝါခင်းကုန်းဘုရားလမ်း၊ မန္တလေးမြို့။ |
| ၃။ | လေယာဉ်ပျံ | အစာအိမ် လေနာပျောက်ဆေး | ဆေးမှုန့်/ ဆေးဘူး | ရရှိနိုင်သောနေရာများ ဘားအံမြို့၊ ကော့ကရိတ်၊ မြဝတီ။ |
| ၄။ | ရွှေကရင် | သွားကိုက်ပျောက် သွားတိုက်ဆေးမှုန့် | ဆေးမှုန့်/ ဆေးဘူး | လိပ်စာဖော်ပြထားခြင်းမရှိ |
| ၅။ | ဆရာကြီး ဦးခါ၏နေလ | နန်းတွင်းအဖြေကြော် ဆေးကြီး | ဆေးလုံး/ ဆေးထုပ် | စိတ္တသုခဆေးပေး၊ ဆေးကုဌာန နောင်ကုလားရပ်ကွက်၊ ဇရပ်ကြီးမြို့၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၆။ | သုံးသုံးသုံး | ငန်းဖြေကျော်ဆေးနီမှုန့် | ဆေးမှုန့်/ ဆေးထုပ် | ရတနာသီရိရပ်၊ ဒိုင်းဝန်းကွင်း၊ ရဲစခန်းအနီး၊ မော်လမြိုင်မြို့။ |
| ၇။ | သိကြား ကမ္ဘာလုံး | ဒူလာမီးယပ်လေဆေးကြီး | ဆေးမှုန့်/ ဆေးဘူး | ထက် စက်ပစ္စည်းဆိုင်၊ ဈေးမရပ်၊ စလင်းမြို့။ ကမ္ဘာအေးဆေးတိုက်၊ မဟာဝိသုတာရာမတိုက်လမ်း၊ စလင်းမြို့။ |
| ၈။ | ကံမြင့်မိုရ် | စွယ်စုံရလိမ်းဆေးအဆီ | ဆေးဆီ/ ဆေးဘူး | အမှတ်(၃၅၂)၊ အဝေရာလမ်း၊ တမ္ပဝတီရပ်၊ ကျောက်ပန်းတောင်းမြို့။ အမှတ်(၁၅၅)၊ ရန်မျိုးလုံ(၅) လမ်း၊ အောင်မင်္ဂလာရပ်၊ မကွေးမြို့။ |
| ၉။ | အဆစ်ပုံ | မှင်ဆေးနှင့် အဆစ်အမြစ်များကိုက်ခဲပျောက်ဆေး | ဆေးမှုန့်/ ဆေးထုပ် | လိပ်စာဖော်ပြထားခြင်းမရှိ |
| ၁၀။ | အရပ်ဟံ မြတ်ဝတ်မှုံ | ပန်းပေါင်းစုံသည်းခြေဆေး | ဆေးမှုန့်/ ဆေးဘူး | အမှတ်(၁၅၄၉)၊ အောင်ဇေယျ(၈)လမ်း၊ ဆ/၁၆ရပ်ကွက်၊ ရွှေပြည်သာပန်းပေါင်းစုံဆေးတိုက်။ |

*(ဆက်လက်ဖော်ပြပါမည်)*

# ဒဂုံမြို့နယ်ရှိ ဟိုတယ်တစ်ခု၏ ၁၀ လွှာမှ နိုင်ငံခြားသားတစ်ဦး ပြုတ်ကျသေဆုံး

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်ရှိ ဟိုတယ်တစ်ခု၏ ၁၀ လွှာမှ နိုင်ငံခြားသားတစ်ဦး ယနေ့နံနက်ပိုင်းက ပြုတ်ကျ၍ ရရှိဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း ဒဂုံမြို့မရဲစခန်းမှ သိရသည်။

"ဟိုတယ်က ဖုန်းဆက်အကြောင်းကြားတာနဲ့ ချက်ချင်းသွားရောက်စစ်ဆေးပြီး ဆေးရုံကိုပို့တယ်။ ဆေးရုံဝင်ပေါက်နားရောက်တဲ့ အချိန်မှာပဲ ရရှိဒဏ်ရာနဲ့ သေဆုံးသွားပါတယ်"ဟု ဒဂုံမြို့မစခန်းမှူးက ပြောသည်။

ဖြစ်စဉ်မှာ မတ် ၆ ရက် နံနက် ၆ နာရီ မိနစ် ၅၀ ခန့်က အဆိုပါရပ်ကွက် နဝဒေးလမ်းရှိ အယ်ဖာဟိုတယ် အပေါ်ထပ်မှ နိုင်ငံခြားသားတစ်ဦး ပြုတ်ကျကြောင်း သတင်းအရ သက်ဆိုင်ရာတာဝန်ရှိသူတို့က သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ အဆိုပါဟိုတယ် ၁၀ လွှာရှိ အခန်းအမှတ် (၁၀၀၃) တွင် တည်းခိုနေသူ ဂျပန်နိုင်ငံသား Mr. KURIHARA KENTARO (၅၃နှစ်)သည် ယင်းဟိုတယ်ရှေ့ရှိ ယာဉ်ရပ်နားရာနေရာ၌ ဘေးစောင်းအနေအထားနှင့် ဒဏ်ရာများဖြင့် လဲကျနေသည်ကို စစ်ဆေးတွေ့ရှိရပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ်သေဆုံးသွားခြင်းဖြစ်သည်။

အဆိုပါသေဆုံးသူ ဂျပန်နိုင်ငံသားသည် SOJITZ Corporation Yangon နှင့်ဆက်သွယ်၍ စားသောက်ကုန်လုပ်ငန်းများဆောင်ရွက်ရန် ဖေဖော်ဝါရီ ၂၈ ရက်က အဆိုပါဟိုတယ်သို့ စတင်ရောက်ရှိပြီး အခန်းအမှတ် (၁၀၀၉) တွင် တစ်ဦးတည်း တည်းခိုနေထိုင်ခဲ့ရာမှ ၎င်း၏ အခန်းသည် အင်တာနက် ဆက်သွယ်မှုလိုင်းမကောင်းဟုဆိုကာ မတ် ၅ ရက်က အခန်းအမှတ် (၁၀၀၃) သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ယင်းကဲ့သို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"အခန်းပြောင်းသွားတဲ့ အချိန်ကစပြီး အခန်းအပြင်လည်း မထွက်တော့ဘူး။ ဧည့်သည်လာတာလည်း မတွေ့ဘူး။ ဒီနေ့မနက်ပိုင်းမှာတော့ သူတည်းခိုတဲ့ အခန်းရဲ့ ပြတင်းပေါက်ကနေ ပြုတ်ကျပြီး အောက်မှာရှိတဲ့ ဓာတ်ကြိုးနဲ့ ကားခေါင်မိုးပေါ်ကတစ်ဆင့် မြေပြင်ပေါ်ကို ကျတာပါ။ လတ်တလောမှာတော့ ဖြစ်စဉ်နဲ့ ပတ်သက်ပြီး စစ်ဆေးမှုတွေလုပ်နေပါတယ်"ဟု ဒဂုံမြို့မ စခန်းမှူးက ပြောသည်။

အဆိုပါဖြစ်ပွားမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် ဒဂုံမြို့နယ် မြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။



**သတင်း-ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ-Yangon Police**

# နမ့်ခမ်းမြို့ရဲစခန်းဝင်း၌ ဝန်ထမ်းအိမ်ရာမီးလောင်မှုဖြစ်ပွား

**နမ့်ခမ်း မတ် ၆**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့ ရဲစခန်းအတွင်း ဝန်ထမ်းအိမ်ရာတွင် မတ် ၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**



အဆိုပါမီးလောင်မှုဖြစ်ပွားသည့် အိမ်သည် ၁၉၆၀ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့သည့် အလျားပေ ၃၀၊ အနံ ၂၅ ပေ၊ သွပ်မိုးထရံကာ၊ ပျဉ်ခင်းခြေတံရှည် လုံးချင်းအိမ်ဟောင်းဖြစ်ပြီး ရဲအုပ် ဌေးဝင်းခိုင်နေထိုင်သည့် အိမ်ဖြစ် သည်။ ရဲအုပ်ဌေးဝင်းခိုင်မှာ မီးလောင်မှုဖြစ်ပွားချိန်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေချိန်ဖြစ်ပြီး နေအိမ်၌ မရှိခိုက် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ရခြင်းဖြစ်သည်။ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းသန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက အချိန်မီရောက်ရှိပြီး မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ အခြားဝန်ထမ်းအိမ်ရာများကို မီးကူးစက်ခြင်းမရှိဘဲ အချိန်မီမီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ဝန်ထမ်းအိမ်ဟောင်း တစ်လုံးသာ လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

**ညဏ်မင်း**

# လဲချားမြို့မဈေးအတွင်း မီးလောင်မှုဖြစ်ပွား

**လဲချား မတ် ၆**

ရှမ်းပြည်နယ် တောင်ပိုင်း လဲချားမြို့မဈေးအတွင်း နန်းခင်ဦးစက်ချုပ်ဆိုင်၌ မတ် ၆ ရက် နံနက် ၅ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟိုဖိုင်ကျေးရွာနေသူ နန်းခင်ဦးသည် မတ် ၅ ရက်က ၎င်း၏ စက်ချုပ်ဆိုင်၌ အသုံးပြုသည့် ကြေးမီးပူကို ဆိုင်သိမ်းချိန်တွင် မီးသွေးခဲများ ငြိမ်းသတ်ခဲ့ခြင်းမပြုဘဲ စက်ချုပ်ရာတွင်အသုံးပြုသည့် စားပွဲခုံပေါ်တွင် တင်ထားခဲ့သဖြင့် ယင်းမီးပူမှတစ်ဆင့် စားပွဲခုံကိုလောင်ကျွမ်းရာမှ အနီးရှိ အပ်ချုပ်စက်နှစ်လုံးနှင့် အဝတ်အစားများကို လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ လဲချားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဇော်မိုးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးမှူး ဦးကျော်စွာ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ကားသုံးစီးနှင့် ဈေးသူဈေးသားများ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၅ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ နန်းခင်ဦးအား လဲချားမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများဖမ်းဆီးရမိ

**နေပြည်တော် မတ် ၆**

မူးယစ်တပ်ဖွဲ့စု မူးယစ်တပ်ဖွဲ့စု (၅) ကလေးမှ တပ်ဖွဲ့ဝင်များသည် မတ် ၄ ရက်က ကလေးမြို့နယ် ဒိုးဝိုင်းချောင်းကျေးရွာ (B)ရပ်ကွက် အမှတ်(၇၆)နေ မလားထန်မောရီး၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မဇိုင်းထန်မောရီး၊ လားအင်ဇားမာနှင့် ဇိုးနွန်မောရာတို့အား တွေ့ရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၃၇ ပြား ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့က ကွတ်ခိုင်မြို့ ရပ်ကွက်(၈) ကွတ်ခိုင်-ကောင်းခါးသွားလမ်းဆုံအနီး ရှောက်စိမ်းယုံ မောင်းနှင်လာသည့် ယာဉ်အမှတ် ၉၇/---- မတ်တူးယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄ ပြားနှင့် ဘိန်းဖြူဆပ်ပြာခွက် ခြောက်ခွက် (အလေးချိန် ၆၀ ဂရမ်) တို့ကိုလည်းကောင်း၊ ထို့အပြင် သယ်န်းကျွန်းမြို့နယ် ဆ/ကရပ်ကွက်၊ လေးထောင့်ကန်လမ်းမ၊ ဘုရားလမ်းမှတ်တိုင်အနီး၌ သူရမင်း (ခ) ကိုထီးအားရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၃၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ယာဉ်မောင်း ဖုန်းပြောရာမှ လားရှိုးမြို့ရှောင်လမ်းတွင် မှန်လုံယာဉ်တစ်စီးတိမ်းမှောက်

**လားရှိုး မတ် ၆**

ရှမ်းပြည်နယ် မြောက်ပိုင်း တောင်ပေါ်ဒေသ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအနီး လားရှိုးမြို့ရှောင်လမ်း မိုင်တိုင်အမှတ် ၂/၆နှင့် ၂/၇ ကြား အရောက်တွင် ယနေ့နံနက် ၅ နာရီခန့်က ရတနာစိုး ခရီးသည်တင် မှန်လုံယာဉ်အမှတ် YGN 8J/---- ယာဉ်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ လားရှိုးမြို့နယ်ရဲစခန်းက သွားရောက်စစ်ဆေးရာ ယာဉ်မောင်း ဖိုးတုတ် (စုံစမ်းဆဲ) မောင်းနှင်လာသည့် ယာဉ်မှာ မန္တလေးမှ မူဆယ်သို့ ထွက်ခွာလာစဉ် လားရှိုးမြို့ရှောင်လမ်းအရောက်တွင် ဖုန်းပြောရာမှ ယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဖိုးတုတ်နှင့် ယာဉ်နောက်လိုက် နေလင်းဦးတို့ နှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၅၀ အနက် နှစ်ဦးသေဆုံးပြီး အမျိုးသားလေးဦးနှင့် အမျိုးသမီးငါးဦး စုစုပေါင်း ကိုးဦးမှာ ဒဏ်ရာများရရှိကာ လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# အိမ်ရှင်မရှိခိုက် အိမ်တစ်လုံးမီးလောင်

**မြင်းမူ မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်နှင့်ကပ်လျက် မြင်းမူမြို့နယ်အပိုင် မကျီးစုကျေးရွာအုပ်စု ကြာပင်လှရွာ၌ မတ် ၅ ရက် ည ၉ နာရီ ၄၅ မိနစ်က ဒေါ်သက်ထားပိုင်နေအိမ်မှ အိမ်ရှင်မရှိခိုက် သုံးခန်း ပတ်လည်၊ နှစ်ထပ်၊ မြေစိုက်အိမ်တစ်လုံး မီးလောင်ကျွမ်းသွားကြောင်း မြောင်မြို့နယ်ရဲစခန်းမှ သိရသည်။

**(၀၇၇)**

# ရန်ကုန်မျက်စိဆေးရုံကြီးအား ခုတင် (၅၀၀) ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်မည်

**ရန်ကုန် မတ် ၆**

ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးကို လက်ရှိ သင်ကြားရေးနှင့် ကုသရေးနှစ်ခုစလုံးအတွက် အသုံးပြုလျက်ရှိရာ လာရောက်ကုသသည့် လူနာများတစ်နေ့တခြားများပြားလာခြင်းကြောင့် ခုတင် (၅၀၀) ဆံ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်သွားရန် စီစဉ်နေကြောင်း ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာတင်ဝင်းက ပြောသည်။

"ကျန်းမာရေးဘတ်ဂျက်တိုးလာတော့ အခမဲ့ကုသမှုနဲ့ ဝန်ဆောင်မှုတွေပါပေးလာနိုင်ပါတယ်။ ဒီအတွက်ကြောင့်လည်း လူနာရှင်ပြည်သူတွေရဲ့ယုံကြည်အားထားမှုတွေလည်း ရလာပါတယ်။ အရင်တုန်းက ဒီဆေးရုံမှာ လူနာသစ်ကတစ်နေ့ပျမ်းမျှ ၁၀၀ လောက်ပဲရှိတာ။ အခု လူနာသစ်က တစ်နေ့ ၃၀၀၊ ၄၀၀ လောက်ရှိတယ်။ လူနာဟောင်းနဲ့ လူနာသစ်ပေါင်းလိုက်မယ်ဆိုရင် တစ်နေ့ပျမ်းမျှလူနာ ၇၀၀ လောက်အထိ ကုသစစ်ဆေးမှုတွေ ပြုလုပ်နေရပါတယ်"ဟု ဆေးရုံအုပ်ကြီးက ရှင်းပြသည်။

မျက်စိအထူးကုဆေးရုံကြီးသည် လက်ရှိအခြေအနေတွင် ခုတင် (၁၅၀) ဆံ့သာဖြစ်သောကြောင့် ဗဟိုသင်ကြားရေးဆေးရုံကြီးအဖြစ်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ " ကျွန်တော်တို့ဆီ ပြည်ထောင်စုဝန်ကြီးလာတော့ ဆေးရုံရဲ့အခြေအနေကိုသိသွားပြီး ခုတင် (၅၀၀) ဆံ့အထိတိုးမြှင့်သင့်ကြောင်း အကြံပြုခဲ့ပါတယ်။ ဒါကြောင့် ကုသရေးဦးစီးဌာနရဲ့ သဘောတူညီချက်နဲ့ Proposal ရေးဆွဲပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ ကျန်းမာရေးဝန်ကြီးဌာနကို တင်ပြထားပြီးဖြစ်ပါတယ်။ အမျိုးသားစီမံကိန်းကိုလည်း တင်ပြထားပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါဆေးရုံကြီးသည် မြေသုံးဧကကျော်ကျယ်ဝန်းပြီး နောက်ဘက်တွင် တိုးချဲ့ဆောင်ဆောက်လုပ်ရန် မြေလွတ်များရှိကာ ခွင့်ပြုချက်ရရှိပါက လေးထပ်အဆောက်အအုံအဖြစ် တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်က အဆိုပါဆေးရုံကြီး၌ ခွဲစိတ်လူနာ ၆၀၀၀ အထိ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး အတွင်းတိမ်လူနာ ၁၂၀၀၀ နှင့် အခြားကုသမှုများအပါအဝင်လူနာပေါင်း ၁၅၀၀၀ အထိ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

မျက်စိအထူးကုဆေးရုံကြီးတွင် ခုတင် (၅၀၀) အဆင့်မြှင့်တင်မှုနှင့်အတူ ဝန်ထမ်းဖွဲ့စည်းပုံလည်း တိုးချဲ့သွားရန်စီစဉ်လျက်ရှိသည်။ ယင်းမျက်စိအထူးကုဆေးရုံကြီးတွင် မျက်စိဗဟိုသင်ကြားရေးဆေးရုံကြီးအဖြစ် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကုသရေးဆေးရုံအဖြစ်လည်း ဆောင်ရွက်လျက်ရှိသည်။



ယင်းဆေးရုံကြီးတွင် မျက်စိနှင့်ပတ်သက်၍ ဆရာဝန်ဘွဲ့ရ၊ ဘွဲ့လွန်နှင့်သူနာပြုများအား သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# နွေစပါးနှင့် အခြားသီးနှံ ဧက ၃၇၀၀၀၀ အတွက် သဖန်းဆိပ်ဆည်မှ စိုက်ပျိုးရေပေးဝေနိုင်

**ရွှေဘို မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် နွေရာသီတွင် နွေစပါး ဧကသုံးသိန်းနှင့် အခြားသီးနှံဧက ခုနစ်သောင်းကို စိုက်ပျိုးရန် လျာထားခဲ့ပြီး ဧရိယာများ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ သဖန်းဆိပ်ဆည်မှ စိုက်ပျိုးရေများ စတင်ပေးဝေခဲ့ပြီး အဆိုပါ စိုက်ဧကများအတွက် ပျိုးထောင်ရေမှ အောင်ရေအထိပေးဝေရန် ရေလုံလောက်စွာရှိကြောင်း သိရသည်။

သဖန်းဆိပ်ရေလှောင်တမံ၌ ရေပေးဝေသည့်အချိန်တွင် ရေလှောင်ပမာဏ ဧကပေ ၂၆ သိန်းကျော်ရှိပြီး အဆိုပါ ရေသိုလှောင်ပမာဏမှ နွေစပါးနှင့် အခြားသီးနှံ လျာထားဧက ၃၇၀၀၀၀ အတွက် ပျိုးထောင်ရေမှ အောင်ရေအထိ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အယ်နီညိုရာသီဥတုကြောင့် မုတ်သုံမိုး အဝင်နောက်ကျပါကလည်း လာမည့်မိုးရာသီကာလ မိုးစပါးစိုက်ပျိုးရန်အတွက်ပါ ရေလုံလောက်စွာ အသုံးပြုနိုင်ရေး ကြိုတင်တွက်ချက် စီမံဆောင်ရွက်ထားကြောင်း ခရိုင်ဆည်မြောင်းဦးစီးမှူး ဦးစောသက်ခိုင်ဝင်းက ပြောသည်။

ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆွေက သဖန်းဆိပ်ဆည်၏ အကျိုးကျေးဇူးကြောင့် သီးနှံများစိုက်ပျိုးကြမည့် တောင်သူများ အနေဖြင့် ရေကိုအလေအလွင့်မရှိအောင် စနစ်တကျရယူ၍ စိုက်စနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်အဆင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဝင်များက အောက်ခြေအထိ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း ပြောသည်။

နွေစပါးနှင့် အခြားသီးနှံများအတွက် သဖန်းဆိပ်ဆည်မှ စိုက်ပျိုးရေပေးဝေရာတွင် ရွှေဘိုမြောင်းမတော် လက်တံ(၇)နှင့် မူးသုံးခွ ရေပေးဝေရေးစခန်းတို့မှ ရေပေးဝေနေမှု အခြေအနေများကို ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အဖွဲ့ဝင်များက မတ် ၄ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**



# ကမ္ဘာပေါ်တွင်မြေမြှုပ်မိုင်းကြောင့် အရပ်သား ၈၀ ရာခိုင်နှုန်း သေကျေဒဏ်ရာရ

**ရန်ကုန် မတ် ၆**

ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှု အချိုးအစားကို သုတေသနပြုလုပ်ရာတွင် မိုင်းအသုံးပြုသူများက ၁၈ ရာခိုင်နှုန်း၊ မိုင်းရှင်းလင်းကျွမ်းကျင်သူများက ၂ ရာခိုင်နှုန်းနှင့် အရပ်သား ၈၀ ရာခိုင်နှုန်း သေကျေဒဏ်ရာရရှိခဲ့၍ စစ်ဖြစ်ပွားရာ နိုင်ငံတိုင်းတွင် မသန်စွမ်းသူ ဦးရေတိုးပွားလာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အင်အားများ လျော့နည်းလာသည်ကိုတွေ့ရကြောင်း မတ် ၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ပြုလုပ်သည့် မြေမြှုပ်မိုင်းအသုံးပြုမှု တားဆီးကာကွယ်ရေး နိုင်ငံတကာ သဘောတူစာချုပ် ၁၉၉၇ အကောင်အထည်ဖော်ခြင်း ၁၇ နှစ်မြောက် အထိမ်းအမှတ် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ပေါင်းစည်းလူမှုဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ ဦးသိန်းဟန်သူက "မြန်မာနိုင်ငံအတွင်းက မိုင်းအန္တရာယ်ရှိတဲ့ ဒေသတွေကိုသွားပြီး ပြည်သူလူထုကို မိုင်းအန္တရာယ်နဲ့ပတ်သက်တဲ့ အသိပညာပေးဟောပြောပွဲတွေ ပြုလုပ်ပေးတယ်။ မိုင်းကြောင့် မသန်စွမ်းဖြစ်နေသူတွေကိုလည်း ခြေတုတွေတပ်ဆင်ပေးခဲ့တယ်"ဟု ပြောသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ မိုင်းအသုံးပြုမှု ပိတ်ပင်ရေးစာချုပ်တွင် မြန်မာနိုင်ငံအပါအဝင် အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်၊ ပါကစ္စတန်၊ ရုရှား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသေးကြောင်း နိုင်ငံတကာ မြေမြှုပ်မိုင်း တားဆီးပိတ်ပင်ရေးကွန်ရက်၏ ၂၀၁၅ ခုနှစ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ငြိမ်းချမ်းမြန်မာကူညီထောက်ပံ့ရေးဖောင်ဒေးရှင်းက မြန်မာနိုင်ငံအတွင်း မိုင်းအသုံးပြုမှုရပ်စဲရေးအတွက် ဟောပြောပွဲများ၊ မီဒီယာတွေ့ဆုံပွဲများ၊ သတင်းထုတ်ပြန်မှုများကိုပြုလုပ်ခဲ့ပြီး မြေမြှုပ်မိုင်းရှင်းလင်းရေးအတွက် ဂျပန်မိုင်းအက်ရှင် ဆားဗစ်နှင့် MoU ရေးထိုးထားကြောင်း စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ငြိမ်းချမ်းမြန်မာကူညီထောက်ပံ့ရေးဖောင်ဒေးရှင်းအနေဖြင့် ရွှေကျင်မြို့နယ်ရှိ ကျေးရွာ ၂၂ ရွာမှ မိုင်းထိ ရွာသူရွာသား ၄၉ ဦးနှင့် အနီးဝန်းကျင်မှ အရပ်သား ၁၅ ဦးတို့ကို နှစ်ကြိမ်တိုင် ခြေတုတပ်ဆင်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မင်းသစ်**

# ကချင်ပြည်နယ် မြစ်ကြီးနား၌ တရားမဝင်သစ်များ ယခင်နှစ်ကထက် ပိုမိုဖမ်းဆီးရမိ

**မိတ္ထီလာ မတ် ၆**

ကချင်ပြည်နယ် သစ်တောဦးစီးဌာနသည် တရားမဝင်သစ်ဖမ်းဆီးရာတွင် ကျွန်း၊ သစ်မာနှင့် အခြားသစ်များ ဖမ်းဆီးရမိမှုမှာ ယခင်နှစ်များထက် ပိုမိုဖမ်းဆီးရမိကြောင်း သိရသည်။

ကချင်ပြည်နယ် သစ်တောဦးစီးဌာနသည် တရားမဝင်သစ်ဖမ်းဆီးရေးကို စီမံချက်များချမှတ်၍ ကုန်းလမ်းကြောင်း၊ ရေလမ်းကြောင်းများနှင့် နယ်နိမိတ်ထိစပ်နေသော မြို့နယ်များတွင် စစ်ကြောင်း အသွင်စုဖွဲ့၍ သစ်တောဝန်ထမ်းများဖြင့် လည်းကောင်း၊ နယ်မြေခံတပ်၊ ရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များဖြင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျွန်းသစ်၊ သစ်မာနှင့် အခြားစုစုပေါင်း ၄၇၀၂ ဒသမ ၈၃၆ တန် ဖမ်းဆီးရမိပြီး နိုင်ငံခြားသား ၂၈ ဦး၊ မော်တော်ယာဉ် ၁၉၁ စီး၊ ဆိုင်ကယ် ၂၈ စီး၊ စက်လှေ အစင်း ၄၀ တို့ကို ဖမ်းဆီးရမိခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျွန်း၊ သစ်မာနှင့် အခြားစုစုပေါင်း ၁၀၅၉၆ ဒသမ ၁၁၂ တန် ဖမ်းဆီးပြီး နိုင်ငံသား ၁၈၁ ဦး၊ နိုင်ငံခြားသား ၁၅၅ ဦး ၊ မော်တော်ယာဉ် ၆၀၂ စီး၊ ဆိုင်ကယ် ၁၂၆ စီး၊ စက်လှေ ၃၅ စင်း၊ ဒိုဇာ ငါးစီး၊ လိုဒါ ကိုးစီး၊ ဘက်ဟိုး ၁၅ စီး၊ ကရိန်း ၁၈ စီးတို့ကို ဖမ်းဆီးရမိခဲ့သည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကျွန်းသစ်၊ သစ်မာနှင့် အခြားစုစုပေါင်းတန်ချိန် ၁၉၆၆၃ ဒသမ ၉၁၀ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသော သစ်များကို လုံခြုံရာသို့သယ်ယူပြီး သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထိုနည်းတူ ဖမ်းဆီးရမိသော မော်တော်ယာဉ်များကိုလည်း သစ်တောရုံးချုပ်သို့ စာရင်းပေးပို့ပြီး ဗဟိုစက်ပစ္စည်းနှင့် စာရင်းအင်းဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**ကျွန်းစု မတ် ၆**

ကျွန်းစုမြို့နယ် တောင်ပြိုကျေးရွာတွင် မတ် ၁ ရက် ည ၁၀ နာရီခွဲက လောင်ကျွမ်းခဲ့သောမီးကြောင့် လူနေအိမ် ၄၆ လုံး ဆုံးရှုံးခဲ့ရာ လူဦးရေ ၃၃၀ မီးဘေးသင့်ခဲ့ရသည်။

မီးဘေးသင့်ပြည်သူများကို တောင်ပြိုမူလတန်းလွန်ကျောင်း၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားပြီး တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်နှင့်အတူ မတ် ၅ ရက် နံနက်က မီးဘေးသင့်ခံရသော တောင်ပြိုကျေးရွာ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများ၏ အိမ်များပြန်လည်တည်ဆောက်နိုင်ရေးအတွက် မီးဘေးသင့်အိမ် တစ်အိမ်ထောင်လျှင် ငွေကျပ် သိန်း၂၀ စုစုပေါင်း မီးဘေးသင့်အိမ်ခြေ ၄၆ အိမ်အတွက် ကျပ်သိန်း ၉၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်အလှူရှင်များက ထောက်ပံ့ငွေများ၊ ဆန်၊ ဆီများ၊ အစားအစာနှင့် အဝတ်အထည်များ ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ်/ ပြန်ဆက်)**

# အယ်နီညိုရာသီဥတုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်မှု အသိပညာပေး

**မဘိမ်း မတ် ၆** အယ်နီညိုရာသီဥတုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်မှုနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား အသိပညာပေးဆွေးနွေးပွဲကို ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ် မလှိုင်ကုန်းနှင့် ဘဟဲကျေးရွာများရှိ ဓမ္မာရုံများ၌ မတ် ၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ အခမ်းအနားတွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်လာပုံနှင့် ဘေးအန္တရာယ်များ ကြုံတွေ့ပါက ဝိုင်းဝန်းပူးပေါင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်များ၊ နောက်ဆက်တွဲရောဂါများနှင့် ကြိုတင်ကာကွယ်ရေးကိစ္စရပ်များ၊ ကျေးရွာများ သောက်သုံးရေမပြတ်လပ်စေရန်၊ ရေကိုချွေတာသုံးစွဲရန်တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဘုရားဖူးယာဉ်တိမ်းမှောက်၊ ကိုးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိ

**မိတ္ထီလာ မတ် ၆**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် အမြန်လမ်း မိုင်တိုင်အမှတ် ၃၂၃ မိုင် ၁ ဖာလုံအနီး၌ မတ် ၆ ရက် နံနက် ၆ နာရီ ၁၅ မိနစ်ခန့်က ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။




ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးခင်မောင်ဆွေ အင်းစိန်ရွာမ နေထိုင်သူ မောင်းနှင်လာသည့် ကန်တာအဖြူရောင် ယာဉ်အမှတ် 5G / ---- သည် အမြန်လမ်းမိုင်တိုင် ၃၂၃ မိုင် ၁ ဖာလုံအနီး၌ တိမ်းမှောက်မှု ဖြစ်ပွားပြီး ၂၆ ဦး ယာဉ်ပေါ်တွင် လိုက်ပါလာရာ ယာဉ်မောင်းအပါအဝင် ကိုးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်။

"ကျွန်တော်တို့ဆီကို ယာဉ်တိမ်းမှောက်တဲ့သတင်းက နံနက် ၆ နာရီ မိနစ် ၂၀ ခန့်မှာ ဖုန်းဝင်လာတယ်။ ဖုန်းဝင်လာချင်း ကျွန်တော့်ဆီက ကြက်ခြေနီတပ်ဖွဲ့ဝင် လေးဦးပါတဲ့ အရေးပေါ်လူနာတင်ယာဉ်နဲ့ ရောက်သွားချိန်မှာ တိမ်းမှောက်တဲ့ ယာဉ်ပေါ်က ခရီးသည်တွေကို ဆွဲထုတ်နေတုန်းရှိပါတယ်။ လမ်းသွားလမ်းလာ မော်တော်ယာဉ်တွေကလည်း ဝိုင်းဝန်းကူညီကြတယ်။ သေဆုံးသွားတဲ့လူ ကိုးဦးက မန္တလေးဆေးရုံကြီးကို ပို့ဆောင်စဉ် သုံးဦးက လမ်းမှာ ဆုံးသွားတယ်၊ ခြောက်ဦးက ဆေးရုံရောက်မှ ဆုံးသွားတာပါ။ ယာဉ်ပေါ်လိုက်ပါလာသူ ၂၆ ဦးထဲမှာ လုံးဝဒဏ်ရာ မရရှိတဲ့သူက မခိုင်ချိုချိုဝင်း ၂၃ နှစ် မြောင်းမြမြို့ နေထိုင်သူဖြစ်ပါတယ်"ဟု မိတ္ထီလာ ၂၈၅ မိုင် သီးကုန်း အမြန်လမ်းအရေးပေါ် ရှေးဦးပြုစုခြင်းစခန်းမှ ခရိုင်ဒုဦးစီးမှူး ဦးနေဦးက ပြောကြားသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရာနေရာသို့ စကားအင်း အမြန်လမ်းရဲစခန်း၊ ပြင်စည်အမြန်လမ်းရဲစခန်း၊ ပြင်စည်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက အချိန်မီရောက်ရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၆** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

# ကမာရွတ်မြို့နယ် လှည်းတန်းစင်တာအနီး ယာဉ်တိုက်မှုဖြစ်ပွား

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လှည်းတန်းစင်တာအနီး၌ ယနေ့ နံနက် ၁ နာရီ ၅၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရရှိသူ ၁၅ ဦးအား ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

လှည်းတန်းမီးပွိုင့်အနီးရှိ လှည်းတန်းစင်တာရှေ့၌ ပြည်လမ်းအတိုင်း လှိုင်မြို့နယ်ဘက်မှ စမ်းချောင်းဘက်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် CC/---- ပရိုဘောက်ယာဉ်သည် လှည်းတန်းလမ်းမသို့ ချိုးကွေ့စဉ် တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ဗဟန်းဘက်မှ ကမာရွတ်ဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် 1k /---- ကင်တာယာဉ်သည် လှည်းတန်းဘက်သို့ ချိုးကွေ့စဉ် ပရိုဘောက်ယာဉ်ကို နောက်မှဝင်တိုက်မိရာ ပရိုဘောက်ယာဉ်တွင် ရှေ့ယာဘက်ဘီးပြုတ်ထွက်သွားပြီး ရှေ့မှန်ကွဲကာ ရှေ့ခေါင်းချိုင့်ဝင်သွားခဲ့သည်။ ကင်တာယာဉ်တွင် ရှေ့ယာဘက်ခြမ်း ခေါင်းကြေ၍ တံခါးပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်နှစ်စီးပေါ်တွင် လိုက်ပါလာသော ယာဉ်မောင်းနှင့် ခရီးသည် အပါအဝင်အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီးကိုးဦး စုစုပေါင်း ၁၅ ဦးတို့မှာ ဒဏ်ရာများရရှိခဲ့သဖြင့် အရေးပေါ်လူနာတင်ယာဉ် နှစ်စီးဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်အား မဆင်မခြင်မောင်းနှင်လာသော ယာဉ်မောင်း ငြိမ်းချမ်းမောင်နှင့် ရဲထက်လင်းတို့ နှစ်ဦးအား အမှတ်(၇)ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ ကမာရွတ်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# ငွေကြေးအမြောက်အမြား သုံးစွဲနေသူနှစ်ဦး စစ်ဆေးရာမှ ခိုးမှုပေါ်ပေါက်

**ကော့သောင်း မတ် ၆**

ငွေကြေး အမြောက်အမြားသုံးစွဲနေသူနှစ်ဦးအား စစ်ဆေးခဲ့ရာမှ ခိုးယူလာသော ငွေကြေးများဖမ်းဆီးရမိသည့် ဖြစ်စဉ်တစ်ခု ကော့သောင်းမြို့၌ မတ် ၆ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မျက်နှာစိမ်းလူနှစ်ဦးသည် ငွေကြေးအမြောက်အမြား သုံးစွဲနေကြောင်းနှင့် အေးရိပ်ငြိမ်ရပ်ကွက် စားသောက်ဆိုင်တစ်ဆိုင်တွင်ရောက်ရှိနေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့စခန်းက နယ်ထိန်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးထံမှ ငွေစက္ကူရောရာ ၁၁၆၉၀၀ နှင့် ထိုင်းဘတ်ငွေ ၅၀၀၊ သံဃာတော်တစ်ပါး၏ ခတ်ပုံငါးပုံနှင့် ခေါက်ပိုက်ဆံအိတ်တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်နေသူများဖြစ်ပြီး ယုဇနဆီအုန်းတွင် အလုပ်လုပ်ကိုင်ရာမှ အဆင်မပြေသဖြင့် ၆ မိုင်ရှိ ညောင်လေးပင်ဘုန်းတော်ကြီးကျောင်း၌ ခေတ္တတည်းခိုနေထိုင်ကာ ကျပန်းအလုပ်လုပ်ကိုင်နေစဉ် မတ် ၆ ရက်က ၎င်းတို့တည်းခိုနေထိုင်ရာ ဘုန်းတော်ကြီးကျောင်းရှိ ခန်းနေဆရာတော်၏ သံသေတ္တာကို ခိုးယူဖွင့်ဖောက်၍ တွေ့ရှိငွေများ ခိုးယူလာကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပြစ်မှုကျူးလွန်သူ နှစ်ဦးအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# အင်းတော်မြို့နယ် မဲဇာချောင်းကူးတံတားပေါ်၌ ကုန်တင်ယာဉ်တစ်စီးတိမ်းမှောက်

**အင်းတော် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နတ်ရေတွင်းရွာနှင့် မဲဇာရွာကြား မဲဇာချောင်းကူးတံတားပေါ်၌ ချား၊ ရဟတ်ပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**



ဖြစ်စဉ်မှာ မတ် ၆ ရက် နံနက် ၉ နာရီက ရဲအုပ် စိုးလှိုင်သည် မဲဇာရဲကင်းစခန်းမှူး တာဝန်ဆောင်ရွက်နေစဉ် နတ်ရေတွင်းရွာနှင့် မဲဇာရွာကြား မဲဇာချောင်းကူးတံတားပေါ်၌ ယာဉ်တစ်စီးတိမ်းမှောက်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဝန်းသို၊ နန်းခမ်း၊ မဲဇာကားလမ်းအတိုင်း ယာဉ်မောင်း တင်ဋ္ဌေးမောင်းနှင်သည့် ယာဉ်အမှတ် MDY 2B/--- ယာဉ်သည် စိုးမိုးအောင်(ချားရဟတ်) အဖွဲ့မှ ပစ္စည်းတင်ဆောင်ပြီး နတ်ရေတွင်း၊ မဲဇာယာယီ ချောင်းကူးတံတားအား ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျ၍ ယာဉ်မှာ ယာဘက်ခြမ်းသို့ လဲကျကာ မဲဇာချောင်းအတွင်းသို့ ပြုတ်ကျသွားခဲ့သည်။ လူထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ ယာဉ်မောင်း တင်ဋ္ဌေး(၅၇နှစ်) မန္တလေးမြို့နေသူအား အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

# ရေတာရှည်မြို့၌ ယာဉ်တိုက်မှုဖြစ်ပွား၊ ဆိုင်ကယ်မောင်းသူ သေဆုံး

**ရေတာရှည် မတ် ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့လယ်၌ မတ် ၅ ရက် နံနက် ၉ နာရီခန့်က ကားလမ်းအတိုင်း မောင်းနှင်လာသော ကုန်တင်ယာဉ်ကို ဈေးလမ်းဘက်မှ ဖြတ်တက်မောင်းနှင်လာသည့် ဆိုင်ကယ်က အရှိန်လွန်ပြီး ဝင်ရောက်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းသူ အမျိုးသားမှာ နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တောင်မှမြောက်သို့ ကျော်ဋ္ဌေးဦး(၃၈နှစ်) ညောင်လွန့်အနောက်ရွာ တပ်ကုန်းမြို့နယ်နေသူ မောင်းနှင်လာသည့် ၂ခ/---- ဟီးနိုး ၁၀ ဘီးကုန်တင်ယာဉ်သည် ရေတာရှည်မြို့လယ် ဗိုလ်ချုပ်လမ်းထိပ်အရောက် ဈေးလမ်းဘက်မှ လွင်းကျော်(၄၆ နှစ်) မအူတုန်းကျေးရွာ ပေါက်ချောင်းကျေးရွာအုပ်စု ရေတာရှည်မြို့နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်မှ ကုန်တင်ယာဉ်၏ ဘေးဘက်ခြမ်းကို ဝင်ရောက်တိုက်မိခဲ့ပြီး ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ပျားဖွပ်ရာကတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ ကိုးအင်းကျေးရွာတွင် မတ် ၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားရာ ကြံခင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ ဘက်ရဲနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ ဘက်ရဲမြို့/ကြံခင်းမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်မှာ ယင်းရွာနေ ကိုဖိုးထူး(၃၀နှစ်)၏ နေအိမ်အနောက်ဘက်ကပ်လျက်ရှိ နွားတင်းကုပ်အမိုးတွင် စွဲကပ်နေသော ပျားအုံကို ညီဖြစ်သူ ကျော်ဇင်ဦး(၂၃ နှစ်)က ဂက်စ်မီးခြစ်ဖြင့်မီးရှို့၍ ပျားဖွပ်ရာကတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ မီးလောင်မှုကြောင့် နွားတင်းကုပ်တစ်လုံးနှင့် လူနေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ကျော်ဇင်ဦးအား ဘက်ရဲနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရန်ကုန်မြို့ မရမ်းကုန်းနှင့် မန္တလေးမြို့ ပြည်ကြီးတံခွန်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဖြူ၊ အိုက်စ်နှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၆

မတ် ၃ ရက်က မရမ်းကုန်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု (၄၂)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် ဗဟိုလမ်း မုဒိတာအိမ်ရာ (C)ဆောင် အခန်း (၂၀၈)ပထမထပ်နေ စောဘာလာစော၏ အခန်းကို ဝင်ရောက်ရှာဖွေရာ ၄င်းနှင့်အတူ ဇော်သန်း၊ သက်နိုင်၊ ကျော်မင်းဦး၊ မနားယူပဟတ်နှင့် မရှိဆာမီတို့အားတွေ့ရပြီး ဆက်လက်ရှာဖွေရာ ဧည့်ခန်းနှင့်ကပ်လျက် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၄ သိန်း၊ အိုက်စ် ၄၄ ဂရမ်၊ ဘိန်းမည်း ၅၂ ဂရမ်၊ မြန်မာငွေကျပ်သိန်း ၁၀၀၊ မော်တော်ယာဉ်နှစ်စီးနှင့် လက်ကိုင်ဖုန်းခြောက်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ **(သတင်းဖော်ပြပြီး) (ယာပုံ)**

အဆိုပါ ဖမ်းဆီးရမိမှုနှင့်ဆက်စပ်၍ ကွင်းဆက်ဖော်ထုတ်ချက်အရ မတ် ၅ ရက်က မူးယစ်တပ်ဖွဲ့ခွဲ(၁)နှင့် မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ၊ ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် ပြည်ကြီးတံခွန်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မန္တလေးခရိုင် မှုခင်းအကူဌာန၊ မှုခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁) ရပ်ကွက် (ဇ) ရပ် ၆၁ လမ်း၊ စံပြလမ်းနှင့် မင်္ဂလာလမ်းကြား၊ အမှတ်(နန-၉/ ၁၈) တွင် ငှားရမ်းနေထိုင်သူ ကွတ်ခိုင်မြို့နေ ကျော်ကျော်(ခ) လျှိုဇီရှောင်(ခ) အိုက်ပေါင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ကျော်သူမင်း၊ အောင်နိုင်နှင့် ဖိုးချမ်းတို့သုံးဦးအား တွေ့ရှိရပြီး ခြံဝင်းအတွင်း မြေပြင်ပေါ်၌ ချထားသော ကွန်တိန်နာဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၇ ဒသမ ၀၇၈ သိန်း၊ အိုက်စ် ၈၂ ကီလို၊ ဘိန်းဆီခဲ ၁၅ ကီလို၊ ဘိန်းဖြူ ၂၄ ဒသမ ၃၇ ကီလိုနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့သည်။ **(ဝဲပုံ)**





ယင်းကဲ့သို့ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ ကျော်သူမင်း (၂၇ နှစ်)၊ အောင်နိုင် (၂၈နှစ်)၊ ဖိုးချမ်း(၂၅နှစ်)နှင့် ကျော်ကျော် (ခ)လျှိုဇီရှောင်(ခ) အိုက်ပေါင် (ဖမ်းမမိသေး) (၃၉နှစ်) တို့ လေးဦးအား ပြည်ကြီးတံခွန်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မသင်္ကာဖွယ်တွေ့ရှိသူများအား စစ်ဆေးရာက ရွှေထည်ပစ္စည်းနှင့် ငွေခိုးမှုများ ဖော်ထုတ်နိုင်

**နေပြည်တော် မတ် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပခုက္ကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၅ ရက် နံနက် ၉ နာရီခွဲက ကားကြီးဝင်းအတွင်း ယာဉ်စစ်ဆေးရေး ဆောင်ရွက်နေစဉ် မြမြင့်မိုရ် ကားဂိတ်အနီး၌ မသင်္ကာဖွယ်သူ နှစ်ဦးအား တွေ့ရှိစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ချောက်မြို့နယ် ဆင်ကရွာနေ သက်ဦးမောင်(ခ) ဘိုသက် (၂၂ နှစ်)နှင့် တစ်ရွာတည်းနေ စိုးထိုက်အောင်(၂၄နှစ်)တို့ ဖြစ်ပြီး သက်ဦးမောင်(ခ)ဘိုသက်ထံမှ ရွှေဆွဲကြိုးနှစ်ကုံး၊ ရွှေလက်စွပ် နှစ်ကွင်း၊ ရွှေလက်ကောက်လေးကွင်း၊ ငွေကျပ် ၆၈၀၀၀၀ နှင့် စိုးထိုက်အောင်ထံမှ ရွှေဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်း၊ ငွေကျပ် ၆၈၀၀၀၀ တို့ သိမ်းဆည်းရမိခဲ့ရာ အဆိုပါ ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် သက်သေခံပစ္စည်းများအဖြစ် သိမ်းဆည်းကာ အမှုဖွင့်စစ်ဆေးခဲ့သည်။

ဆက်လက် စစ်ဆေးချက်အရ အဆိုပါ ရွှေထည်ပစ္စည်းများနှင့် ငွေများကို ဖေဖော်ဝါရီ ၄ ရက်က ချောက်မြို့နယ် ဆင်ကရွာနေ ဦးစိုးနိုင်၏ နေအိမ်မှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ သက်ဦးမောင်(ခ)ဘိုသက်နှင့် စိုးထိုက်အောင် တို့နှစ်ဦးအား ချောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ယာပုံ)**

**ကိုရဲ**




သန်းဌေးနှင့်ရောင်းရင်းများ မှ သကြၤန်ခရီးစဉ်များ
April 1, 8, 11, 12, 17, 22, 29 ထွက်မည် ကျိုက်ထီးရိုး / ချောင်းသာ (သကြၤန်တွင်း-နေ့စဉ်)
✿ ရွှေစက်တော်နှင့်လပ်းဘုရားစုံ(၄)ရက်။ ဆက်၍ ပုဂံ၊ ပုပ္ပါး(၅)ရက်(တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ) (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ)(ခ)ရက်။ အားလုံးပါ (၁၁)ရက်။ ✿ ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ(ခ)ရက်။ ✿ ရွှေစက်တော်၊ အလောင်းတော်(၅)ရက်။ ✿ မန္တလေး၊ မုံရွာ၊ အလောင်းတော်၊ ပြင်ဦးလွင်(၅)ရက်
✿ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ(၇)ရက်။ ✿ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ (၅)ရက်။ လွိုင်ကော်ပါ (၆)ရက်။ ✿ အင်းတော်ကြီး-ရွှေမဉ္ဇူ၊ မြစ်ကြီးနား၊ မေခ-မလိခမြစ်ဆုံ၊ ရွှေဘိုဘုရားစုံ (ခ)ရက်။
✿ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်ခဲ (၆)ရက်။ မြိတ်ပါ (ခ)ရက်။ Mar 11,18,25
✿ ကျိုက်ထီးရိုး၊ ဖော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ (၃)ရက်။ ✿ ဇလွန်✿ ပြည်၊ အကောက်တောင်၊ နဂါးရစ်
သကြၤန်ခရီးစဉ်များကြိုတင်လက်မှတ်ရောင်းပြီ ✿ ပဲလံဆံတော်ရှင်(နေ့ချင်းပြန်-စနေ၊ တနင်္ဂနွေ)
အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

ဆရာဌေး နှင့် သမီး-ဆရာမ ဌေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
နွေ(၃)လနှင့် ပုံမှန်တန်းခွဲများ
ကျောင်းသားများ Letter, Essay, Character ၃၅ မှတ်ဖိုး အလွတ်ကျက်ဖြေခြင်းမှ လွတ်အောင် မတက်မဖြစ်တက်ပါ။ တွေးနည်း/ရေးနည်းကို မူပိုင်နည်းသစ် စာအုပ်ဖြင့် သင်သည်။ အရွယ်မရွေး တက်နိုင်သည်။
၄ တန်းမှ ၆ တန်းထိ နှင့် ၇၊ ၈၊ ၉၊ ၁၀ တန်းများ
နွေ-March 7,9 စမည် လူကြီး-March 5,7 စမည် Guide များ အိမ်လိုက်သင်သည်
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

နန်းဦးလှိုင် ရွှေစက်တော်၊ အလောင်းတော်(၅)ရက်
● အင်းတော်ကြီး၊ ရွှေမဉ္ဇူ၊ ရွှေဘို၊ မြစ်ကြီးနား၊ မြစ်ဆုံ (ဂ)ရက်- မန္တလေး၊ မိုးကုတ်ပါ(၁၁)ရက်။ (Mar 18, Apr 11)ထွက်မည်။ ● ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ ဘုရားစုံ(၇)ရက်။
● ရွှေစက်တော်ဘုရားနှင့် လမ်းဘုရားစုံပူး(၃)ရက်။ ဆက်၍- ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ ပါ(၅)ရက်။ ဆက်၍- အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် ပါ(ဂ)ရက်။ ● ရွှေစက်တော်၊ ပုဂံ-ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ (ဂ)ရက်။ အားလုံးပါ(၁၁)ရက်။ အပတ်စဉ်-သောကြာ
● ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်ခဲ(၅)ရက်-ဆက်၍မြိတ်(ဘိတ်) ပါ(၇)ရက်။
● အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ (၃)ရက်-ဆက်၍ မန္တလေး၊ ပြင်ဦးလွင်ပါ(၅)ရက်။
● မြတ်မော်တင်စွန်းဘုရားပွဲနှင့် ပုသိမ်ဘုရားဖူး( Mar 11,18 )
● တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ၊ မွေတော်ကက္ကူ(၄)ရက်-ဆက်၍ လွိုင်ကော်ပါ(၆)ရက်။
● မန္တလေးဘုရားစုံပူး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်၊ ဝေဠုဝန်ကျောက်စိမ်းဘုရား (၁-ညအိပ်)
ပန်းဆိုးတန်း 01-391577, သန်လျင် 09-5122961, 09-254340569, ကျောက်မြောင်း 09-254821597



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/6801 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1E-5786 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့



ဆရာအာသာ SUCCESS (မြို့လယ်ကျောင်း) Language Academy
အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်၊ 202046, 392048
သူငယ်တန်းဖြေမှ (၉)တန်းဖြေကလေးများအတွက်
4-Skill English (Level 1 to 5)
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March 14 စပါမည်။ သင်တန်းကြေး-၆၀၀၀၀/ ကျောင်းကားစုံစမ်းနိုင်ပါသည်။
၈ တန်းအထောက်အကူပြု (၆+၇)တန်း ဖြေဆိုထားသူများအတွက် Grammar သင်တန်းများ ၄၀၀၀၀/
7:30 - 9 (Mon to Thurs) Mar 14
1 - 2:30 (Mon to Thurs) Mar 14
တက္ကသိုလ်ဝင်တန်းအထောက်အကူပြု (၆+၇) တန်းဖြေ - Level 1 (၈+၉) တန်းဖြေ - Level 2 Letter Writing + Essay
7:30 - 10:30 (Sat + Sun) Mar 12
12 - 3:00 (Sat + Sun) Mar 12
လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူနှင့်အလုပ်ကောင်းရလိုသူများအတွက်
BASIC ENGLISH SPEAKING
10-11:30 (Mon ~ Thurs) 7 Mar
1 - 4:00 (Sat + Sun) 12 Mar
1 - 2:30 (Mon ~ Thurs) 21 Mar
7:30 - 9 (Mon ~ Thurs) 28 Mar
BASIC FOUR SKILLS ENGLISH
3:30-5:30 (Mon ~ Thurs) 29 Feb
7:30-10:30 (Sat + Sun) 5,12 Mar
7:30 - 9 (Mon ~ Thurs) 14,28 Mar
1 - 2:30 (Mon ~ Thurs) 14,28 Mar
6 - 7:30 (Mon ~ Thurs) 14 Mar
9:00-12:00 (Sat + Sun) 19 Mar
PRE-INTERMEDIATE (4-SKILL ENGLISH)
6 - 7:30 (Mon ~ Thurs) 16 Mar
12 - 3:00 (Sat + Sun) 19 Mar
10-11:30 (Mon ~ Thurs) 21 Mar
1 - 2:30 (Mon ~ Thurs) 28 Mar
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 14 Mar
VOCAB ENRICHMENT
1 - 2:30 (Mon ~ Thurs) 28 Mar
BASIC WRITING
10-12:00 (Mon ~ Thurs) 29 Feb
BASIC GRAMMAR
9 - 12:00 (Sat + Sun) 12 Mar
IELTS (Four Skills)
1 - 4:30 (Sat + Sun) 19 Mar
1 - 3:30 (Mon ~ Thurs) 28 Mar
IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 25 Apr
IELTS (Reading)
1 - 3:00 (Mon ~ Thurs) 25 Apr
IELTS (Writing)
7:30 - 9 (Mon ~ Thurs) 7 Mar
7:30-10:30 (Sat + Sun) 19 Mar
IELTS (Grammar)
10-11:30 (Mon ~ Thurs) 25 Apr
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232
BASIC ENGLISH SPEAKING
10-11:30 (Mon ~ Thurs) 7 Mar
3:30 - 5 (Mon ~ Thurs) 14 Mar
12 - 3:00 (Sat + Sun) 19 Mar
BASIC GRAMMAR
7:30-10:30 (Sat + Sun) 19 Mar
PRE-INTERMEDIATE (4-SKILL ENGLISH)
7:30-10:30 (Sat + Sun) 12 Mar
1 - 2:30 (Mon ~ Thurs) 14 Mar
BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 7 Mar
4:30-7:30 (Sat + Sun) 12 Mar
10-11:30 (Mon ~ Thurs) 14 Mar
1:30-4:30 (Sat + Sun) 19 Mar
7:30-10:30 (Sat + Sun) 20 Mar
3:30 - 5 (Mon ~ Thurs) 28 Mar
INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 7 Mar
4:30-7:30 (Sat + Sun) 19 Mar
တက္ကသိုလ်ဝင်တန်းအထောက်အကူပြု (၈+၉)တန်းဖြေထားသူများအတွက် Letter Writing + Essay သင်တန်းများ ၄၀၀၀၀/
7:30-10:30 (Sat + Sun) 12 Mar
7:30-9:00 (Mon to Thurs) 14 Mar
၈ တန်းအထောက်အကူပြု (၆+၇)တန်း ဖြေဆိုထားသူများအတွက် Grammar သင်တန်း
12 - 3:00 (Sat + Sun)
March 12 စပါမည်။ ၄၀၀၀၀/

# ကျွန်တော်နဲ့ အံ့ဩဖွယ်ရာနိမိတ်လက္ခဏာ



**ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်**

အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာဆိုတဲ့ စကားလုံးကို ခရစ်ယာန်ဘာသာဝင်များအနေနဲ့ အကျွမ်းတဝင်ရှိကြပါတယ်။ သမ္မာကျမ်းစာအသစ်ထဲမှာ သခင်ယေရှုအနေနဲ့ အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာမျိုးစုံကို ပြသခဲ့ပုံကို ဖော်ပြထားပါတယ်။ အင်္ဂလိပ် ဝေါဟာရကတော့ miracle ဖြစ်တယ်။ မယုံနိုင်ဖွယ်၊ အံ့ဩစရာတွေကို ရည်ညွှန်းတာပါ။ ဘယ်လိုမှ စဉ်းစားလို့မရနိုင်တဲ့၊ ဘယ်လိုမှ မဖြစ်နိုင်ဘူးထင်တဲ့အရာတွေ ဖြစ်လာတာကို ရည်ညွှန်းခြင်းဖြစ်တယ်။ ပြီးခဲ့တဲ့နိုဝင်ဘာလတုန်းက ကြီးမှူးကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲဟာလည်း နိုင်ငံရေးနဲ့ပတ်သက်တဲ့ အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမကျင်းပမီ ဝေဖန်မှုတွေ အမျိုးမျိုးပြုလုပ်ခဲ့ကြတယ်။ ဒါပေမယ့် ရွေးကောက်ပွဲကို အေးအေးချမ်းချမ်းနဲ့ ကျင်းပနိုင်ခဲ့တယ်။ သွေးထွက်သံယိုမှုလုံးဝမရှိဘဲ ပြည်သူတွေရဲ့ ဆန္ဒကို လွတ်လွတ်လပ်လပ်ထုတ်ဖော်ခွင့်ရခဲ့ကြတယ်။ ဒီမိုကရေစီမဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေမှာ ရွေးကောက်ပွဲကာလအတွင်း ပဋိပက္ခတွေဖြစ်ကြတယ်။ မတည်ငြိမ်မှုတွေ အပြည့်။ အာဖရိကနိုင်ငံတွေမှာဆို အကြီးအကျယ် ပြဿနာတွေ တက်ခဲ့ကြတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ တစ်ကမ္ဘာလုံးက အံ့ဩရလောက်အောင် အောင်မြင်လှတဲ့ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့တယ်။ ဒါကြောင့်လည်း အာဆီယံနိုင်ငံများအနက် မြန်မာနိုင်ငံဟာ ဒီမိုကရေစီ စံချိန်စံညွှန်းအရ ရှေ့တန်းမှာ ရှိနေတာကို ဝမ်းမြောက်စရာတွေ့ရပါတယ်။ ပိုပြီး အံ့ဩစရာကောင်းတာက လွှတ်တော်အသစ်နဲ့ လွှတ်တော်အဟောင်း အပြောင်းအလဲလုပ်ပုံဟာ အလွန်လှပတာမြင်ရပြန်တယ်။ နှုတ်ဆက်ပွဲမှာ နိုင်သူရှုံးသူရယ် မသတ်မှတ်ကြဘဲ ဒီမိုကရေစီဘက်တော်သားတွေအနေနဲ့ သဘောထားကြီးကြီးနဲ့ လှုပ်ရှားနိုင်ခဲ့တာဟာ အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာ တစ်ရပ်ဖြစ်ပါတယ်။ ဥပဒေပြုမဏ္ဍိုင်မှာ အခုလိုချောချောမွေ့မွေ့ဆောင်ရွက်ခဲ့သလို အုပ်ချုပ်ရေးမဏ္ဍိုင်မှာလည်း မကြာမီလွှဲပြောင်းပေးဖို့ အစီအစဉ်တွေကို အသေးစိတ်တိုင်ပင်ဆွေးနွေးကြတာတွေ့ရတယ်။ တစ်ဦးနဲ့တစ်ဦး နားလည်မှုအပြည့်နဲ့ အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းဖို့ ဆောင်ရွက်နေကြပါတယ်။ ဒါတွေအားလုံးကို ခြုံငုံသုံးသပ်တဲ့အခါ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးဟာ အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာဖြစ်တာကို ငြင်းပယ်နိုင်မှာ မဟုတ်ပါဘူး။

ကျွန်တော့်အနေနဲ့ စီးပွားရေးပညာကို လေ့လာသူတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်သုံးသပ်မိတာက စီးပွားရေးကို အပြည့်အဝနားလည်နိုင်ဖို့ နိုင်ငံရေးကို မျက်ကွယ်ပြုလို့ မရပါဘူး။ နိုင်ငံရေးနဲ့ စီးပွားရေးဟာ တိုက်ရိုက်ဆက်စပ်နေတယ်။ နိုင်ငံရေးကြောင့် စီးပွားရေးမှာ အကျိုးသက်ရောက်မှုရှိသလို စီးပွားရေးကြောင့် နိုင်ငံရေးမှာလည်း ထိခိုက်နိုင်ပါတယ်။ တစ်ချိန်တုန်းက ကျွန်တော်တို့နိုင်ငံအပေါ် အနောက်နိုင်ငံတွေအနေနဲ့ နိုင်ငံရေးဖိအားတွေ ပေးခဲ့ကြတယ်။ ပြင်းထန်လှတဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို ကျင့်သုံးကြတယ်။ ၂၀၁၀ ရွေးကောက်ပွဲအပြီး သမ္မတ ဦးသိန်းစိန်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် နိုင်ငံရေးဖိအားတွေကို တဖြည်းဖြည်း ဖြေလျှော့ပေးခဲ့ကြတယ်။ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပိတ်ဆို့မှုတွေကို ရုပ်သိမ်းခဲ့ပြီး အမေရိကန်ပြည်ထောင်စုအနေနဲ့ ဖြေလျှော့မှုတွေ လုပ်ပေးခဲ့တယ်။ နိုင်ငံရေးပြောင်းလဲမှုက အရှိန်အဟုန်မြင့်မားလာတာနဲ့ အမျှစီးပွားရေးအခွင့်အလမ်းတွေပေါ်ပေါက်လာလိမ့်မယ်လို့ မျှော်လင့်ကြပါတယ်။ တစ်လောက တူဒေးလုပ်ငန်းစုကို ဦးစီးတဲ့ ဒေါက်တာသာထွန်းဦးက ကျွန်တော့်ကို စီးပွားရေး စကားဝိုင်းတစ်ခုမှာ သဘာပတိလုပ်ဖို့ပန်ကြားလာပါတယ်။ ကျွန်တော်ဟာ မနှစ်ကလည်း ဒေါက်တာသာထွန်းဦးနဲ့အတူ မြန်မာစီမံခန့်ခွဲအုပ်ချုပ်သူများဖိုရမ်တစ်ရပ်ကို ကျင်းပခဲ့ပါတယ်။ ၂၀၁၆ ဖိုရမ်အတွက် ခေါင်းစဉ်ကို ကျွန်တော်တို့နှစ်ဦးတိုင်ပင်ပြီး ရွေးချယ်ကြတယ်။ နောက်ဆုံး မြန်မာနိုင်ငံရဲ့ စီးပွားရေး အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာဆိုပြီး သဘောတူခဲ့ကြတယ်။ နိုင်ငံရေးပြောင်းလဲမှုတွေကြောင့် ဖြစ်လာနိုင်မယ့် စီးပွားရေး အခွင့်အလမ်းတွေကို ဆွေးနွေးဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဖိုရမ်ကို ရန်ကုန်မြို့ ကန်တော်ကြီးကန်အနီးရှိ ချက်ထရီယံ ဟိုတယ်ကြီးမှာ ကျင်းပခဲ့ပါတယ်။

ကျွန်တော်နဲ့ စကားဝိုင်းမှာဆွေးနွေးဖို့ ရွေးချယ်ခဲ့တဲ့ ကဏ္ဍလေးခုမှာ အကျွမ်းတဝင်ရှိပြီး ပြောနိုင်ဆိုနိုင်တဲ့ ပုဂ္ဂိုလ်လေးဦးကို ဖိတ်ကြားခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအကြောင်း ဆွေးနွေးဖို့ ဦးချစ်ထွန်းဖေကို ဖိတ်ခဲ့ပါတယ်။ သူဟာနိုင်ငံခြားမှ မြန်မာပြည်ကို ပြန်လည်ရောက်ရှိလာပြီး နာမည်ကြီး နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ တာဝန်ယူတဲ့သူ။ အိုင်တီကဏ္ဍနဲ့ပတ်သက်ပြီး ကျွန်တော်က ဒေါက်တာထွန်းသူရသက်ကို ရွေးချယ်ခဲ့တယ်။ သူကမြန်မာနိုင်ငံမှာ နာမည်ကြီးအိုင်တီကုမ္ပဏီဖြစ်တဲ့ အမ်အိုင်တီရဲ့ စီအီးအိုဖြစ်တယ်။ သူဟာတခြားသူတော့မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့တူအရင်းဖြစ်ပါတယ်။ တတိယတစ်ဦးကတော့ ခရီးသွားလုပ်ငန်းမှာထဲထဲဝင်ဝင်လှုပ်ရှားနေတဲ့ ဦးသက်လွင်တိုးဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းမှာစီးပွားရေးလုပ်ရုံမက စာအုပ်တွေ၊ ဆောင်းပါးတွေ ရေးနေသူဖြစ်တယ်။ လယ်ယာကဏ္ဍကိုဦးဆောင်ဆွေးနွေးဖို့ ကျွန်တော်တို့က ဦးရဲမင်းအောင်ကို ဖိတ်ကြားခဲ့ပါတယ်။ သူဟာစိုက်ပျိုးရေးလယ်ယာလုပ်ငန်းမှာ တာဝန်ယူလျက်ရှိသူတစ်ဦးဖြစ်တယ်။ ဖိုရမ်ကျင်းပမယ့် ဟိုတယ်ကို တူဒေးလုပ်ငန်းအဖွဲ့က ဦးရန်နိုင်နဲ့သွားရောက်ခဲ့တယ်။ ပွဲက ၉ နာရီမှာစမှာမို့ ကျွန်တော်တို့က နောက်ကျမှာစိုးရိမ်နေမိတယ်။ ဟိုတယ်ရောက်တော့ ဧည့်သည်တွေမရောက်သေးတာတွေ့ရလို့ စိတ်အေးရတယ်။ အချိန်ရှိတာမို့ ဒေါက်တာသာထွန်းဦးနဲ့ ဟိုတယ်အတွင်းမှာရှိတဲ့ ကော်ဖီဆိုင်မှာသွားထိုင်ကြတယ်။ ဆိုင်ရောက်တော့ ကျန်တဲ့သူတွေက ရောက်နှင့်နေကြပြီ။ ကော်ဖီသောက်ပြီး ပရိသတ်တွေက တဖွဲဖွဲရောက်လာကြတယ်။ အကြောင်းပြချက်ကလည်း ကားတွေကျပ်နေလို့ ပြောရင်း ဘာမှဆက်မပြောနိုင်တော့ဘူး။ ဖိုရမ်ကို ဆရာသာထွန်းဦးက ဖွင့်လှစ်ပြီး ဆွေးနွေးတဲ့ ကျွန်တော်တို့ငါးဦးကို စင်မြင့်ပေါ်သို့ ဖိတ်ခေါ်ခဲ့တယ်။ ကျွန်တော့်ရဲ့တာဝန်က သဘာပတိ တာဝန်ဖြစ်တာမို့ ဖိုရမ်ရဲ့နောက်ခံကို ရှင်းပြပြီး ဖိုရမ်ကိုဘယ်ပုံဘယ်နည်း ဆောင်ရွက်ဖို့ပရိသတ်တွေကို ရှင်းပြပေးခဲ့ပါတယ်။

ကျွန်တော်က ဖိုရမ်မှာဆွေးနွေးမယ့် ကဏ္ဍကို ဘာကြောင့်ရွေးချယ်ခဲ့တဲ့အကြောင်းကို ရှင်းပြခဲ့ပါတယ်။ ဆက်လက်ပြီးတစ်ဦးချင်း ၁၀ မိနစ်စီပြောပြီး ကျန်ရှိတဲ့ အချိန်မှာ အမေးအဖြေကဏ္ဍကို လုပ်ဖို့ ရှင်းပြခဲ့တယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ရွေးချယ်ခဲ့ရတာ အကြောင်းရှိပါတယ်။ နိုင်ငံတိုင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားကိုးကြတယ်။ မျှော်လင့်ကြတယ်။ စီးပွားရေးအရ အင်အားကြီးလှတဲ့ အမေရိကန်နိုင်ငံတို့၊ တရုတ်နိုင်ငံတို့ဟာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုလျက်ရှိကြတယ်။ နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရဲ့ အရေးပါမှုကိုအသိအမှတ်ပြုကြတယ်။ ၂၀၁၀ ပြည့်နှစ်ကစတင်ဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် ကျွန်တော်တို့နိုင်ငံကို ဝင်လာတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာတစ်ရပ်ဖြစ်ခဲ့တယ်။ ဆက်သွယ်ရေးကဏ္ဍ၊ ရေနံဓာတ်ငွေ့တူးဖော်ရှာဖွေရေးကဏ္ဍ၊ သတ္တုထုတ်လုပ်မှုကဏ္ဍနဲ့ ထုတ်လုပ်မှုကဏ္ဍအသီးသီးမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာခဲ့တယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏဟာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ တိုးတက်လာခဲ့တယ်။ ဦးချစ်ထွန်းဖေဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေကို ပြည့်ပြည့်စုံစုံဖော်ထုတ်ခဲ့တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက တစ်ဆင့် ဘဏ္ဍာငွေအရင်းအနှီးသာမက နည်းပညာ၊ ဈေးကွက်နဲ့ စီမံခန့်ခွဲမှုနည်းပညာတွေရခဲ့ကြောင်း စိတ်ဝင်စားစရာ တင်ပြပေးခဲ့ပါတယ်။ ဒေါက်တာထွန်းသူရသက်အနေနဲ့ မြန်မာနိုင်ငံရဲ့ အိုင်တီကဏ္ဍရဲ့ အခွင့်အလမ်းတွေကို စိတ်ဝင်စားစရာဖြစ်အောင် တင်ပြခဲ့ပါတယ်။ အိန္ဒိယနိုင်ငံတို့၊ စင်ကာပူနိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့မှာ အိုင်တီကဏ္ဍကြောင့် စီးပွားရေးဘဝမှာ ဘယ်ကဘယ်အထိ အကျိုးရှိတာကို တင်ပြဆွေးနွေးခဲ့ပါတယ်။ အရေးကြီးဆုံးတင်ပြချက်က အိုင်တီကဏ္ဍကို ကဏ္ဍတစ်ခုအနေနဲ့ မမြင်ဘဲကျန်တဲ့ ကဏ္ဍအသီးသီးနဲ့ ဘယ်ပုံ ဘယ်နည်းဆက်သွယ်ဆက်စပ်နေတာကို တင်ပြခဲ့တယ်။ ပညာရေးကဏ္ဍမှာ အိုင်တီရဲ့ အရေးပါမှု၊ ကျန်းမာရေးကဏ္ဍမှာ အိုင်တီရဲ့ သက်ရောက်မှုတွေကို ဖော်ပြခဲ့တယ်။ အထူးသဖြင့် ဘဏ်လုပ်ငန်းတွေမှာ အိုင်တီနဲ့ ဆက်သွယ်နည်းပညာတွေ သုံးပြီး အကျိုးရှိအောင် ဘယ်လိုဆောင်ရွက်နိုင်ပုံကို ဝေဝေဆာဆာတင်ပြခဲ့ပါတယ်။ ဦးသက်လွင်တိုးက ကမ္ဘာလှည့်ခရီးသွားကဏ္ဍမှာရှိတဲ့ အခွင့်အလမ်းတွေကို ဖော်ပြခဲ့ပါတယ်။ သူ့ရဲ့ စိုးရိမ်မှုတွေကိုလည်း တင်ပြခဲ့ပါတယ်။ အမှန်တော့ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာလှည့်ခရီးသည်တွေ မျက်စိကျတဲ့နေရာ တစ်ခုဖြစ်ပါတယ်။ ယဉ်ကျေးမှုသာမက၊ အပန်းပြေဖို့အတွက် တည်နေရာကောင်း တစ်ခုလည်းဖြစ်ပါတယ်။ ဒီကမ္ဘာကြီး ယခုထက်တိုးတက် ဖွံ့ဖြိုးလာအောင် သူက အကြံပြု ဆွေးနွေးသွားပါတယ်။ ဦးရဲမင်းအောင်က မြန်မာနိုင်ငံအတွက် လယ်ယာကဏ္ဍရဲ့ အရေးပါမှုကိုဖော်ထုတ်ပေးခဲ့ပါတယ်။ သူရဲ့ တင်ပြချက်မှာ အံ့ဩစရာတစ်ခုက မြန်မာနိုင်ငံရဲ့ ဆန်တင်ပို့နိုင်မှုပမာဏ မြင့်မားလာတဲ့အကြောင်း ဖော်ပြခဲ့ပါတယ်။ သား၊ ငါးကဏ္ဍအကြောင်း တင်ပြခဲ့သလို အာဟာရဖွံ့ဖြိုးမှုအကြောင်းကိုလည်း တင်ပြခဲ့ပါတယ်။

ကျွန်တော်က အစကတည်းက ညှိနှိုင်းထားသလို ဆွေးနွေးသူလေးဦးဟာ သူတို့အတွက် သတ်မှတ်ထားတဲ့ အချိန်အတွင်းတင်ပြနိုင်တာတွေ့ခဲ့ပါတယ်။ တစ်ဦးချင်း တင်ပြဆွေးနွေးပြီးချိန်မှာ ပရိသတ်တွေကို မေးခွန်းတွေ မေးဖို့ ဖိတ်ကြားခဲ့ပါတယ်။ ပရိသတ်တွေကလည်း စိတ်ဝင်တစားမေးခွန်းတွေမေးခဲ့ကြတယ်။ စကားဝိုင်းမှာ ပါဝင်တဲ့ပုဂ္ဂိုလ်တွေကလည်း ဖြေကြားပေးခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဖိုရမ်ကို သဘာပတိအဖြစ် လုပ်ခွင့်ရခဲ့တာကို ကျေနပ်မိပါတယ်။ နိုင်ငံရေးဘောဂဗေဒကို တင်ပြဆွေးနွေးခွင့်ရတာကို ကျေးဇူးတင်မိတယ်။

တကယ်တော့ ကျွန်တော်တို့နိုင်ငံဟာ အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာတွေနဲ့ အပြည့်ရှိတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံရေးဘဝမှာသာမက စီးပွားရေး၊ လူမှုရေးဘဝမှာလည်း ပေါ်ပေါက်လာမှာ သေချာလှပါတယ်။ ကျွန်တော် တောင်ကိုရီးယားနိုင်ငံရောက်တုန်း စီးပွားရေးပညာရှင်တွေက သူတို့မြို့တော်အနီးမှာ စီးဆင်းနေတဲ့ ဟန်မြစ်ကို အခြေပြုပြီး ကိုရီးယားနိုင်ငံဟာ ဟန်မြစ်ရဲ့ အံ့ဩဖွယ်ရာနိမိတ်လက္ခဏာလို့ တင်စားကြတယ်။ ကျွန်တော်ကလည်း အားကျမခံ ဧရာဝတီမြစ်ရဲ့ အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာလို့ ပြန်ပြီး တင်ပြချင်ပါတယ်။

> **အာဆီယံနိုင်ငံများအနက် မြန်မာနိုင်ငံဟာ ဒီမိုကရေစီ စံချိန်စံညွှန်းအရ ရှေ့တန်းမှာ ရှိနေတာကို ဝမ်းမြောက်စရာ တွေ့ရပါတယ်။ ပိုပြီး အံ့ဩစရာကောင်းတာက လွှတ်တော်အသစ်နဲ့ လွှတ်တော်အဟောင်း အပြောင်းအလဲလုပ်ပုံဟာ အလွန်လှပတာမြင်ရပြန်တယ်။ နှုတ်ဆက်ပွဲမှာ နိုင်သူရှုံးသူရယ်မသတ်မှတ်ကြဘဲ ဒီမိုကရေစီဘက်တော်သားတွေအနေနဲ့ သဘောထားကြီးကြီးနဲ့ လှုပ်ရှားနိုင်ခဲ့တာဟာ အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာတစ်ရပ်ဖြစ်ပါတယ် . . .**

## ရေးမြို့နယ်မီးသတ်စခန်း၌ စက်သုံးဆီဆိုင်များအား လက်တွေ့မီးငြိမ်းသတ်နည်းသင်တန်းဆင်းပွဲကျင်းပ

**ရေး မတ် ၆**

မွန်ပြည်နယ် ရေးမြို့နယ်မီးသတ်စခန်း၌ မတ် ၄ ရက် ညနေ ၃ နာရီက စက်သုံးဆီအရောင်းဆိုင်များ လက်တွေ့မီးငြိမ်းသတ်နည်း သင်တန်းဆင်းပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရသိန်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို ရေးမြို့နယ်အတွင်းမှ တရားဝင်စက်သုံးဆီဆိုင်၁၃ဆိုင်မှ သင်တန်းသား၊ သင်တန်းသူ၂၆ ဦး တက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်က မီးလောင်မှုဖြစ်ပွားခဲ့ပါက လက်တွေ့မီးငြိမ်းသတ်ရမည့်နည်းစနစ်များ၊ သတိပြုရမည့် အခြေခံဗဟုသုတများကို စာတွေ့လက်တွေ့သင်ကြားခဲ့ကြောင်း သိရသည်။ “မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ရပ်ကွက်အဆင့်မှာ တစ်ပတ်လျှင် သုံးကြိမ်၊ မြို့နယ်အဆင့်မှာ တစ်ပတ်လျှင်နှစ်ကြိမ် ဆော်သြရေးလုပ်ငန်းများကိုလည်း ဆောက်ရွက်နေပြီး ဈေးတွေ စက်သုံးဆီဆိုင်နဲ့ အိမ်တွေကို သက်ဆိုင်ရာတာဝန်ရှိသူများနဲ့ ပူးပေါင်းကာ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက စစ်ဆေးအကြံပြုခြင်းများကို ဆောင်ရွက်နေပါတယ်”ဟု မြို့နယ်မီးသတ်ဦးစီးမှူးက ပြောသည်။



**နေမျိုးထွန်း (ရေး)**

## ဖားကန့်တွင် ရွှာမစန်းသီတာ မော်ရှန်ချောင်းကူးတံတားဖွင့်

**ဖားကန့် မတ် ၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ရွှာမစန်းသီတာ မော်ရှန်ချောင်းကူးတံတားဖွင့်ပွဲကို မတ် ၃ ရက်က အဆိုပါ တံတားမုခ်ဝ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆိပ်မူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတူးမိုင်၊ နှစ်ခြင်းအသင်းတော်မှ ဒေါက်တာ မတင်ခေါဘောမ်၊ ဆိပ်မူကျေးရွာ ရပ်မိရပ်ဖ ဦးအင်ဆွဲစိန်ဂီ၊ အလှူရှင်ကုမ္ပဏီများ၏ကိုယ်စား နေလပွင့်ကုမ္ပဏီ တာဝန်ခံ ဦးစိုင်မြတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ မော်ရှန်ချောင်းကူးတံတားကို ဇန်နဝါရီ ၂ ရက်က စတင်တည်ဆောက်ခဲ့ပြီး တံတားအရှည် ပေ ၄၀ ၊ အကျယ် ၂၆ ပေနှင့် အမြင့် ၁၀ ပေရှိပြီး ကွန်ကရစ် သံပေါင်တင် ပျဉ်ခင်းတံတားဖြစ်သည်။

ဘဇံချောက်ကျေးရွာရှိ ကျောက်မျက်ကုမ္ပဏီ ၁၃ ခုတို့မှ စုပေါင်းလှူဒါန်းပြီး ငွေကျပ် သိန်း ၅၀၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# ပုခက်လွှဲသော ရွှေလက်ရှင်များ

## မောင်သောင်းဝင်း(တမန်ဟောင်း)

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် နှစ်စဉ် မတ်လ ၈ ရက်နေ့၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပလေ့ရှိသည်။ လူမျိုး၊ ဘာသာ၊ အသားအရောင်နှင့် ဆင်းရဲချမ်းသာ ခွဲခြားမှုမရှိဘဲ အမျိုးသမီးများ၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုသောအားဖြင့် ထိုနေ့ကို ကျင်းပခြင်း ဖြစ်သည်။

၂၀ ရာစုကာလအတွင်း မြောက်အမေရိကနှင့် ဥရောပ ဒေသတို့တွင် ဖြစ်ပေါ်ခဲ့သော အမျိုးသမီးအလုပ်သမား များ၏ လှုပ်ရှားမှုများမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ပေါ်ထွန်းလာသည်ဟု ဆိုသည်။ မူလက ထိုနေ့ကို အပြည်ပြည်ဆိုင်ရာ အလုပ်လုပ်နေသောအမျိုးသမီးများနေ့အဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၏ ဆောင်ပုဒ်သည် ကျား၊မ တန်းတူ ကမ္ဘာတစ်ဝန်း ၂၀၃၀ ရည်ကာမှန်း(Planet ၅၀-၅၀ by ၂၀၃၀: Step It Up for Gender Equality)ဖြစ်သည်။

ထိုဆောင်ပုဒ်၏ အဓိကရည်ရွယ်ချက်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် အရှိန်အဟုန်ဖြင့် တည်ဆောက်နေချိန်တွင် ၂၀၃၀ မျှော်မှန်းချက်ကို မည်သို့မည်ပုံ အရှိန်မြှင့်တင်သွားရန်ပင် ဖြစ်သည်။ အထူးသဖြင့် ကျား၊မ တန်းတူညီမျှရှိမှုနှင့် အမျိုးသမီးများနှင့်မိန်းကလေးများကို လုပ်ပိုင်ခွင့်တာဝန်များ ပိုမိုပေးအပ်သွားရေး၊ အားလုံးအတွက် လွှမ်းခြုံသည့် အရည်အသွေးပြည့်မီသော ပညာသင်ကြားခွင့်ရရှိရေးနှင့် စဉ်ဆက်မပြတ်လေ့လာသင်ယူခွင့်ရရှိရေးတို့ပင် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအတွင်း မှီတင်းနေထိုင်သော အမျိုးသမီးအားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် နယ်ပယ်ပေါင်းစုံတွင် ရရှိနိုင်မည့်အခွင့်အလမ်းမှန်သမျှကို အမျိုးသားများကဲ့သို့ပင် မပိုမလို အညီအမျှ ခံစားခွင့်ရရှိနေခြင်းကို ကျား၊မတန်းတူအခွင့်အရေး ရရှိသည်ဟု ခေါ်ဆိုသည်။ ကျား၊မတန်းတူညီမျှနေထိုင်ခွင့်ရရှိခြင်းသည် လူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ အမျိုးသမီးများသည် အသက်ရှင်နေထိုင်စဉ်ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှ ကင်းဝေးပြီး လုံခြုံစိတ်ချစွာဖြင့် ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်မှသာလျှင် ကျား၊မ တန်းတူညီမျှမှုရှိသည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးကြီးငယ် အရွယ်အားလုံးသည် ဆိုခဲ့ပါအခွင့်အလမ်းများကို အမျိုးသားများနည်းတူ အပြည့်အဝ ခံစားခွင့်ရရှိနေကြသဖြင့် မြန်မာနိုင်ငံတွင် ကျား၊မ တန်းတူညီမျှမှုရှိသည်ဟု အခိုင်အမာ ဆိုနိုင်ပါသည်။

မျက်မှောက်ကာလတွင် တိုးတက်ပြောင်းလဲမှုများ မည်မျှပင်ရှိနေစေကာမူ ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများ၌ အမျိုးသမီးများအား ခွဲခြားဆက်ဆံနေဆဲပင် ဖြစ်သည်။ ထိုနိုင်ငံများတွင် အမျိုးသမီးများကို အမျိုးသားများ၏ ရမက်ဆန္ဒဖြည့်ဆည်းရန်နှင့် အိမ်မှုကိစ္စအဝဝ လုပ်ဆောင်ရန်သက်သက်အတွက်သာ သဘောထားကြသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာပင် ဖြစ်သည်။ ထို့အပြင် လူသားချင်း စာနာထောက်ထားမှုမရှိသော အမျိုးသားများသည် အားနွဲ့သည့်အမျိုးသမီးများကို ပညာသင်ကြားခွင့်နှင့် အများပြည်သူများ၏ရှေ့မှောက်တွင် လွတ်လပ်စွာသွားလာခွင့်တို့ကို ကန့်သတ်တားမြစ် ပိတ်ပင်ထားကြသည်။ အထူးသဖြင့် အမျိုးသမီးတစ်ဦးသည် မိမိချစ်ခင်စုံမက်သူကို လွတ်လပ်စွာရွေးချယ်ခွင့်မရှိပေ။ ဘာသာရေး၊ လူမျိုးရေး၊ ဇာတ်နိမ့်၊ ဇာတ်မြင့် စသည်ဖြင့် ခွဲခြားပြီး ရောင်းကုန်ပစ္စည်းလိုပင် သဘောထားကာ ခွဲခြားဆက်ဆံခြင်း ခံနေကြရသည်။ ထို့ကြောင့် အချို့သောနိုင်ငံများတွင် ရုပ်ဝတ္ထုပစ္စည်းများ အံ့မခန်းတိုးတက်မှုရှိနေသော်လည်း စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်မူ ဆုတ်ယုတ်နေဆဲပင်ဖြစ်သည်။

ထိုသို့ ကျား၊ မ ခွဲခြားဆက်ဆံမှုကြောင့် ကမ္ဘာပေါ်တွင် ဆင်းရဲသူ ၁၀ ဦးတွင် ခြောက်ဦးသည် အားနွဲ့သည့် အမျိုးသမီးများဖြစ်သလို ကမ္ဘာ့စာမတတ်သူ သုံးပုံ၊ နှစ်ပုံသည်လည်း အမျိုးသမီးများပင် ဖြစ်နေကြသည်။ ကမ္ဘာပေါ်တွင် အမျိုးသားအများစုသည် နိုင်ငံရေးနှင့် တရားရေးဆိုင်ရာနယ်ပယ်များတွင် အဓိကကျသော နေရာများကို လွှမ်းမိုးချုပ်ကိုင်ထားကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဥပဒေပြုလွှတ်တော်များတွင်လည်း အမျိုးသမီးအမတ်အရေအတွက် ၂၂ ရာခိုင်နှုန်းသာ တွေ့ရှိရပါသည်။ ထို့အပြင် တရားဥပဒေအများစုသည်လည်း အမျိုးသမီးများကိုအကြမ်းဖက်မှုမှ အကာအကွယ်ပေးနိုင်ခြင်း မရှိချေ။

**မြန်မာနိုင်ငံတွင် မြတ်စွာဘုရားလက်ထက်တော်ကတည်းကပင် အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ ကျား၊မတန်းတူအခွင့်အရေးများ ရရှိခဲ့ကြသည်။ မျက်မှောက်ကာလတွင် အမျိုးသမီးများအား ပြောစရာမလိုလောက်အောင်ကိုပင် အခွင့်အရေးပေးထားပါသည်။ မြန်မာအမျိုးသမီးများသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ပညာသင်ကြားခွင့်၊ သွားလာခွင့်နှင့်မိမိချစ်ခင်စုံမက်သူကို ရွေးချယ်လက်ထပ်ခွင့်များ ရှိကြသည်။ မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံမှုနှင့် ကန့်သတ်ချုပ်နှောင်မှုမရှိသောကြောင့် အမျိုးသမီးများသည် ကြိုးစားလျှင်ကြိုးစားသလောက် ခံစားခွင့်ရရှိနေကြသည်။**

မြန်မာနိုင်ငံတွင် မြတ်စွာဘုရားလက်ထက်တော်ကတည်းကပင် အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ ကျား၊မ တန်းတူအခွင့်အရေးများ ရရှိခဲ့ကြသည်။ မျက်မှောက်ကာလတွင် အမျိုးသမီးများအား ပြောစရာမလိုလောက်အောင်ကိုပင် အခွင့်အရေးပေးထားပါသည်။ မြန်မာအမျိုးသမီးများသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ပညာသင်ကြားခွင့်၊ သွားလာခွင့်နှင့် မိမိချစ်ခင်စုံမက်သူကို ရွေးချယ်လက်ထပ်ခွင့်များ ရှိကြသည်။ မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံမှုနှင့် ကန့်သတ်ချုပ်နှောင်မှုမရှိသောကြောင့် အမျိုးသမီးများသည် ကြိုးစားလျှင် ကြိုးစားသလောက်ခံစားခွင့်ရရှိနေကြသည်။ အထူးသဖြင့် မျက်မှောက်ခေတ်ဒီမိုကရေစီနိုင်ငံသစ်ကို ချီတက်ရာတွင် အမျိုးသမီးများသည် လွှတ်တော်များတွင် ဥပဒေပြုရေးလုပ်ငန်းများအား ပြည်သူကိုယ်စားပြု ကိုယ်စားလှယ်များအဖြစ် အမျိုးသားများနှင့်အပြိုင် ပါဝင်ဆွေးနွေးလျက်ရှိကြသည့်အပြင် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် နိုင်ငံ့ကိုယ်စားပြု သံအမတ်ကြီးများအဆင့်ကဲ့သို့ ကြီးလေးသောတာဝန်များကိုပင် အမျိုးသားများနှင့်တန်းတူ တာဝန်ယူထမ်းဆောင်လျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများဘဝ လုံခြုံမှုရှိစေရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ထိုကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းကြီးများသည် အမျိုးသမီးများ သာတူညီမျှအခွင့်အလမ်းများ ရရှိခံစားနိုင်စေရန် အားသွန်ခွန်စိုက် လှုပ်ရှားဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံသည် အာဆီယံ အမျိုးသမီးရေးရာကော်မတီနှင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ ထိုမျှသာမက မဲခေါင်ဒေသတွင်း နိုင်ငံများအနက် မြန်မာနိုင်ငံသည် လူကုန်ကူးမှုတားဆီးရေးဥပဒေကို ပထမဆုံးရေးဆွဲပြဋ္ဌာန်းနိုင်သည့် နိုင်ငံလည်း ဖြစ်သည်။

အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲရေး၊ အမျိုးသမီးများ အခွင့်အရေးနှင့် ကျား၊မ တန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ၊ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကွန်ဗင်းရှင်းတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းတွင် ပါဝင်သည့်ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများနည်းတူ သာတူညီမျှအခွင့်အလမ်းများ ရရှိလျက်ရှိသောကြောင့် ကမ္ဘာပေါ်တွင် ကံကောင်းသောအမျိုးသမီးများဟုပင် ဆိုရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက ထူးချွန်သောအမျိုးသမီးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးလျက်ရှိသည်။ ထိုအခွင့်အလမ်းကောင်းများကို လက်ဝယ်ပိုင်ဆိုင်နိုင်ရေးအတွက် အမျိုးသမီးများသည် အမျိုးသားများနှင့်အပြိုင် ကြိုးပမ်းအားထုတ်သွားရန်လိုအပ်ပါသည်။

ထို့အပြင် မြန်မာ့လူ့အဖွဲ့အစည်းတွင် မိဘများသည် သားနှင့်သမီး နှစ်ဦးစလုံးကို ရတနာလိုပင် သဘောထားကြသည်။ သားနှင့်သမီးကို ခွဲခြားဆက်ဆံလေ့မရှိဘဲ တစ်ပြေးညီထား၍သာ ဆက်ဆံကြသည်။ မိဘများ၏ အမွေကိုလည်း သား၊သမီးများကို ညီတူညီမျှခွဲဝေပေးသည့် အလေ့အထကောင်းများ ရှိနေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် လူဖြစ်ရသော အမျိုးသမီးများသည် ကမ္ဘာ့အခြားနိုင်ငံများတွင် ကျား၊မ ခွဲခြားဆက်ဆံခြင်း ခံနေရသော အမျိုးသမီးများထက် အမျိုးသမီးအခွင့်အရေးများကို ပိုမိုရရှိခံစားနေကြရသူများ ဖြစ်သည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများသည် မိမိတို့ရရှိထားသည့် အခွင့်အလမ်းများကို ပိုင်နိုင်စွာအသုံးချလျက် တိုင်းပြည်နှင့်လူမျိုးအကျိုးကိုတတ်အားသရွေ့ သယ်ပိုးဆောင်ရွက်သွားသင့်ပါသည်။

အိမ်တစ်အိမ်၊ လူ့အဖွဲ့အစည်းတစ်ခုနှင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရေးတွင် အမျိုးသားဝါဒ၊ အမျိုးသမီးဝါဒဆိုသော ရှေးရိုးစွဲဝါဒများကို စွဲကိုင်မထားဘဲ ကျား၊မ အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ လုပ်ငန်းတာဝန်များကိုလည်း အမျိုးသားများ၏တာဝန်၊ အမျိုးသမီးများ၏တာဝန်ဟူ၍ သေးသိမ်စွာ ခွဲခြားနေသည်ထက် ကျရာအခန်းကဏ္ဍကို ပီပြင်စွာထမ်းဆောင်ခြင်းဖြင့်သာ အကျိုးပြုသွားရန် လိုအပ်ပါသည်။

အထူးသဖြင့် ကျွန်ုပ်တို့အား လူ့လောကတွင် အသက်ရှင်နေထိုင်ရန် မွေးဖွားပေးခဲ့သည့် မိခင်များသည်လည်း အမျိုးသမီးများပင်ဖြစ်သည်။ တိုင်းပြည်အနာဂတ်ကို ပုံဖော်ထုဆစ်မည့် မျိုးဆက်သစ်များကို စနစ်တကျ ကျွေးမွေးပြုစု စောင့်ရှောက်ပျိုးထောင်ပေးလျက်ရှိသည့် ထိုမိခင်များကို ပုခက်လွှဲသော ရွှေလက်ရှင်များဟု တင်စားခေါ်ဆိုပါရစေ။

ခြုံ၍တင်ပြရလျှင် မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် ကျား၊မ ခွဲခြားဆက်ဆံခြင်း မခံရဘဲ အမျိုးသားများနည်းတူ သာတူညီမျှအခွင့်အလမ်းများ ရရှိပိုင်ဆိုင်ထားကြပါသည်။ အချို့သောနိုင်ငံများတွင် အမျိုးသမီးများကို လက်ရှိအချိန်အထိ ခွဲခြားဆက်ဆံနေဆဲပင် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးကဏ္ဍတွင် အမျိုးသားများနည်းတူ တတ်အားသရွေ့ ပါဝင်စွမ်းဆောင်ခွင့် ရရှိနေကြသည်။ ထိုသို့ရရှိနေခြင်းသည် ယခုမှ ရရှိခြင်းမဟုတ်ပေ။ ရှေးယခင် အစဉ်အဆက်ကတည်းကပင် ဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများကို မိသားစုတွင်း၌လည်း အမျိုးသားများနည်းတူ တန်းတူအခွင့်အရေး ပေးထားပါသည်။

ထို့ကြောင့် ၂၀၁၆ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်ဖြစ်သည့် "ကျား၊မတန်းတူ ကမ္ဘာတစ်ဝန်း ၂၀၃၀ ရည်ကာမှန်း"ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံတွင် ကျား၊မ ခွဲခြားဆက်ဆံခြင်းမရှိဘဲ အမျိုးသား၊ အမျိုးသမီး သာတူညီမျှခံစားခွင့် ရရှိလျက်ရှိပါကြောင်း ပုခက်လွှဲသော ရွှေလက်ရှင်များအား ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

## သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန် ကြိုတင်စီစဉ်ထား

**မလှိုင် မတ် ၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် အယ်နီညိုရာသီဥတုကြုံတွေ့ရပါက သောက်သုံးရေပြတ်လပ်မှုများ မဖြစ်ပေါ်စေရန် ကြိုတင်စီမံမှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုနဲ့ ရရင် ရေချိုရနိုင်တဲ့နေရာ ဆည်အနေနဲ့ရေအမြဲစီးနေတဲ့ ကျောက်တန်းချောင်း၊ သင်ပုန်းဆည်နဲ့ ချောင်းဇုံဆည်တွေကနေ ရေဖြန့်ဝေပေးဖို့ စီစဉ်ထားပါတယ်။ ကျင်းသာဆည်နဲ့ ပုန်းမကြည်ဆည်ကလည်း ရေချိုရနိုင်ပါတယ်။ ဒါပေမယ့် ရေနည်းတဲ့အတွက် ရေများများဖြန့်ဝေပေးနိုင်တဲ့ သင်ပုန်းဆည်နဲ့ ချောင်းဇုံဆည်များကနေ ရေစုပ်စက်နဲ့စုပ်တင်ပြီး ရေသယ်ယာဉ်၊ ဒေသအစီအစဉ်သို့မဟုတ် မီးသတ်ကားများနဲ့ဖြန့်ဝေပေးဖို့ စီစဉ်ထားပါတယ်ဟု" မလှိုင်မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးမောင်မောင်ကျော်က ပြောသည်။

မလှိုင်မြို့နယ်၏ အနောက်ဘက်ခြမ်းတွင် ကျောက်တန်းချောင်း၊ မြို့နယ်၏ တောင်ဘက်ခြမ်းတွင် သင်ပုန်းဆည်၊ မြို့နယ်၏အရှေ့မြောက်ခြမ်းတွင် ချောင်းဆုံ ဆည်များတည်ရှိပြီး ရေလိုအပ်ပါက အနီးစပ်ဆုံးနေရာများမှ ရေကိုရယူ၍ အမြန်ဆုံးဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ဆည်ရေအပြင် ပုဂ္ဂလိကပိုင်စက်ရေတွင်းများမှ အကူအညီရယူနိုင်ရန်လည်း စီစဉ်ထားရှိကြောင်း သိရသည်။

မလှိုင်မြို့နယ်အတွင်း ရေပြတ်လပ်မှုမရှိစေရန် ဆောင်ရွက်ထားမှုများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်နှင့် တာဝန်ရှိသူများ မတ် ၃ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

## မြို့နယ်တရားရုံးအဆောက်အအုံသစ် ဖွင့်လှစ်

**တနင်္သာရီ မတ် ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့၌ မြို့နယ်တရားရုံး အဆောက်အုံသစ်ဖွင့်ပွဲကို မတ် ၄ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်တရားရုံး အဆောက်အုံသစ်ကို တနင်္သာရီတိုင်းဒေသကြီး (စီမံ/စီးပွားဝန်ကြီး) ဦးသိန်းလွင်၊ သစ်တော/သတ္တုဝန်ကြီး ဦးတင်စိုးနှင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားရေးဦးစီးမှူး ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တရားရုံး အဆောက်အအုံသစ်ဆိုင်းဘုတ်ကို တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမြင့်ဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးတရားရုံး တရားသူကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီးအတွင်း တရားရုံးများဆောက်လုပ်မှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်တရားသူကြီးက အဆောက်အအုံသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တာဝန်ယူ ဆောက်လုပ်ခဲ့သည့် တိုးတက်ကောင်းဆောက်လုပ်ရေးကုမ္ပဏီမှမန်နေဂျင်းဒါရိုက်တာက အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား မြို့နယ်တရားသူကြီးထံ လွှဲပြောင်းပေးအပ်သည်။

တနင်္သာရီမြို့နယ် တရားရုံး အဆောက်အအုံသစ်သည် အလျား ၅၆ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၃၉ ပေ ရှိပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၂၉၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



## ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်

**မြင်းခြံ မတ် ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် နဘူးအိုင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ မတ် ၄ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ကျေးရွာအုပ်စု မီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီးနှင့် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးတို့က အမှာစကားပြောကြားကာ ကျေးရွာအုပ်စုမီးလင်းရေးကော်မတီဥက္ကဋ္ဌက မီးလင်းရေးအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိရေးဆောင်ရွက်

**တောင်ငူ မတ် ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်အတွင်း ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အားစနစ် ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားလိုင်း မရောက်ရှိသေးသော နေရာဖြစ်သည့် မြို့ဆိုးကျေးရွာ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ JICA တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၃၃/၁၁ ကေဗွီ(၅)အမ်ဗွီအေ ထန်းတပင် ဓာတ်အားခွဲရုံမှ မြို့ဆိုးကျေးရွာအထိ အရှည် ၁၁ မိုင်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို တည်ဆောက်လျက်ရှိကြောင်း၊ အဆိုပါဓာတ်အားလိုင်း တည်ဆောက်ပြီးစီးပါက ကျေးရွာအုပ်စုငါးခုမှ ကျေးရွာပေါင်း ၂၁ ရွာရှိ အိမ်ခြေသုံးထောင်နီးပါးအနေဖြင့် လျှပ်စစ်ဓာတ်အား ချိတ်ဆက်သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

## သတင်းတိုများ

### နွေရာသီတွင် ကျေးရွာများ ရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီတွင် အယ်နီညိုသက်ရောက်မှုကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ဆောင်ရွက်မှုများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများသို့ အဖွဲ့များခွဲ၍ သွားရောက်ပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ချိုချိုနွယ်နှင့် ဝန်ထမ်းများက ကျေးရွာများသို့ ကွင်းဆင်း၍ ကျေးရွာများရှိ လက်တူးတွင်း၊ မိုးရေလှောင်ကန်၊ လက်နှိပ်တုံကင်၊ စက်ရေတွင်း၊ ရေလျှံတွင်းတို့ကို ရေတိုင်းတာခြင်း၊ လက်ရှိအချိန်တွင် သောက်သုံးရေ ရရှိသုံးစွဲနေမှု အခြေအနေနှင့် ရေပြတ်လပ်မှု ဖြစ်နိုင်ချေ ရှိ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

**ခင်ဦးစိုးဝေ**

### ကလေးများအတွက်ဆေးရောင်စုံခြယ်နှင့် ပုံပြင်ပြောခြင်းအစီအစဉ်များပြုလုပ်

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး စာကြည့်တိုက်၌ ကလေးများအတွက် ဆေးရောင်စုံခြယ်ပြိုင်ပွဲနှင့် ပညာပေး ပုံပြင်ပြောခြင်းအစီအစဉ်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၃ ရက်က ပြုလုပ်ခဲ့သည်။ ဆေးရောင်စုံခြယ်ပြိုင်ပွဲတွင် ကလေးငယ် ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပုံပြောပွဲအစီအစဉ်တွင် စာထောက်(၃) ဒေါ်မို့မို့သူက ကလေးငယ်များအား ပညာပေးပုံပြင်များ ပြောပြခဲ့ကာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီထွေးနိုင်က ကလေးသူငယ်အခွင့်အရေးများအပါအဝင် ပညာပေးအကြောင်းအရာများ ကလေးမိဘများအား ရှင်းလင်းပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## ချောင်းဆုံတွင် ဘီပိုးကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

**ချောင်းဆုံ မတ် ၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် အသဲရောင်အသားဝါ ဘီပိုးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို အသဲဖောင်ဒေးရှင်းနှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ NGO အဖွဲ့ဝင်များပူးပေါင်း၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ မတ် ၄ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အသဲရောင်အသားဝါ ဘီပိုးစစ်ဆေးခြင်းကို မတ် ၄ ရက်တွင် ဆောင်ရွက်ပေးပြီး မတ် ၅ ရက်တွင် ဝင်ကလုံဘုရားဝင်း၌ ဘီပိုးကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးခဲ့ကြောင်း၊ အသက် ၁၂ နှစ်နှင့် ၅၀ နှစ်အကြားရှိသူများကိုသာ ကာကွယ်ဆေးထိုးလက်ခံပြီး ဆေးထိုးမည့်သူများသည် တစ်လတစ်ကြိမ်ဖြင့် သုံးလထိုးရမည်ဖြစ်ကြောင်း အသဲဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချောင်းဆုံမြို့နယ်တွင် အသည်းရောင်အသားဝါ ဘီပိုး စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို တိုက်နယ်လေးခုခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ချောင်းဆုံတိုက်နယ်တွင်ပါဝင်သည့် ကျေးရွာ ၁၆ ရွာမှ သွေးစစ်ဆေးမှုခံယူသူ ၄၃၀ ရှိကြောင်း ချောင်းဆုံတိုက်နယ်အပြင် ကျန်တိုက်နယ် သုံးခုဖြစ်သည့် မုရစ်ကလေးတိုက်နယ်၊ ရွာလွတ်တိုက်နယ်၊ ကညော်တိုက်နယ်များသို့လည်း ဆက်လက်သွားရောက်ကာ ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထူးအိမ်(iprd)**

## ပေါက်မြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ပေါက် မတ် ၆**

ပေါက်မြို့ မြို့မဈေးအတွင်း မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ဌာနတို့ပူးပေါင်း၍ မတ် ၄ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေါက်မြို့တွင် မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဈေးအတွင်းရှိ ဆိုင်များမှ ဈေးသူဈေးသားများ မီးသတိရှိစေရေး၊ မီးသုံးစွဲမှုများနှင့် လျှပ်စစ်သွယ်တန်းမှုများ စနစ်တကျဖြစ်စေရေး၊ အလင်းရောင်အတွက်မှအပ အခြားလျှပ်စစ်ပစ္စည်းများ သုံးစွဲခြင်းမပြုရေးစသည်တို့ကို လိုက်လံစစ်ဆေးကာ လိုအပ်သည်များကို အကြံပြုခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထို့အပြင် မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ကားများ အလွယ်တကူဝင်နိုင်ရေးအတွက် လမ်းကြောင်းများရှင်းလင်းခြင်း၊ မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုပုံများကို ရှင်းလင်းပြသခြင်းနှင့် ဈေးဆိုင်ခန်းတိုင်းတွင် မီးသတ်ဆေးဘူးများ အသင့်ချိတ်ဆွဲထားရှိရန် နှိုးဆော်အသိပေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး



**နမ့်ခမ်း မတ် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ မြို့နယ်ခန်းမ၌ စာကြည့်တိုက်ဝန်ဆောင်မှုများမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မတ် ၄ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နေခြည်သွေးက အလုပ်ရုံဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နမ့်ခမ်းမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများမှ စာကြည့်တိုက်မှူးများ၊ စာသင်ကျောင်းများမှ စာကြည့်တိုက်မှူးများက စာကြည့်တိုက်ဝန်ဆောင်မှုများမြှင့်တင်ရေးအတွက် ခေါင်းစဉ်ငါးခုကို အုပ်စုငါးစုခွဲ၍ ဆွေးနွေးခဲ့ကြသည်။

“ကျွန်မတို့အနေနဲ့ အခုလို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခွင့်ရလို့ ဝမ်းသာပါတယ်။ စာကြည့်တိုက်အတွက် လိုအပ်တဲ့ နည်းပညာတွေ၊ လိုအပ်တဲ့ စာအုပ်စာစောင်တွေကို တတ်နိုင်သရွေ့ ကူညီပေးမယ်ဆိုရင် ဘယ်နည်းနဲ့မဆို စာကြည့်တိုက်တွေ ရှင်သန်မှာဖြစ်ပါတယ်”ဟု ရပ်ကွက်စာကြည့်တိုက်မှူးတစ်ဦးက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်သန်ခိုင်မာရန် လုပ်ဆောင်သင့်သည်များ၊ တွေ့ကြုံရသည့်အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရန်နည်းလမ်းများ စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ညထက်မင်း(နမ့်ခမ်း)**



## မြေအောက်ရေဖြင့် စိုက်ပျိုးထားသောနွေစပါးများ အောင်မြင်ဖြစ်ထွန်း

**ရေစကြို မတ် ၆**

ယခုနှစ် နွေစပါးစိုက်ရာသီတွင် ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ မြေအောက်ရေဖြင့် စိုက်ပျိုးထားသော နွေစပါးခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးမှု ကြုံတွေ့နိုင်သဖြင့် သတိပေးချက်များအရ တောင်သူများမှာ သက်တမ်းတိုစပါးမျိုးများကို စိုက်ပျိုးခဲ့ကြပြီး စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပေးသည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်အတိုင်း စိုက်ပျိုးခဲ့ကြသဖြင့် စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းခြင်းဖြစ်ကြောင်း တောင်သူအချို့ထံမှ သိရသည်။

“ကျွန်တော့်စပါးခင်းက မြေအောက်ရေနဲ့ စိုက်ပျိုးထားတာပါ။ စိုက်ပျိုးတဲ့စပါးမျိုးက သက်တမ်းတိုပြီး အထွက်နှုန်းကောင်းတဲ့ ပခန်းရွှေဝါစပါးမျိုးဖြစ်ပါတယ်။ ပခန်းကြီး OISCA သင်တန်းကျောင်းက ဝယ်ယူစိုက်ပျိုးတာ ဖြစ်ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးတဲ့ သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်ကို ကျင့်သုံးစိုက်ပျိုးပါတယ်။ အရင်က မနောသုခစပါးကိုစိုက်ပြီး ဒီနှစ်က အယ်နီညိုရာသီဥတုကြောင့် သက်တမ်းတိုစပါးမျိုးကို စိုက်ပျိုးကြဖို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြေညာထားတာကြောင့် သက်တမ်းတိုစပါးကို ရွေးချယ်စိုက်ပျိုးတာဖြစ်ပါတယ်”ဟု မြေအောက်ရေ ဖြင့် နွေစပါး စိုက်ပျိုးအောင်မြင်နေသည့် ထန်းဆယ်ပင်ကျေးရွာမှ တောင်သူ ဦးတင်ညွန့်က ပြောသည်။

ရေစကြိုမြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ရာသီတွင် နွေစပါး ၃၅၂၉ ဧကကို လျာထားစိုက်ပျိုးလျက်ရှိကာ နွေစပါးများအတွက် ရေရရှိရေးကိုလည်း နည်းလမ်းငါးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဖေထွေးဇော်(ရေစကြို)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့

၁။ သစ်တောဦးစီးဌာန၊ မုံရွာခရိုင်၊ မုံရွာ၊ ပုလဲ၊ ကနီ၊ ယင်းမာပင်၊ ဘုတလင်၊ ဆားလင်းကြီးမြို့နယ်တို့ရှိ အောက်ဖော်ပြပါ ပုံစံ(၈)ဝင် သစ်လုံး/ခွဲသား၊ ပကာ၊ ကျွန်းတံခါး၊ တိုင်/ မျော/ထင်းပကာနှင့် ပုံစံ(၈)ဝင် ဆက်စပ်ပစ္စည်းများအား မုံရွာခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၅-၃-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် **"တိုင်းဒေသကြီးကျော် သယ်ယူခွင့်မပြုကြောင်း"** စည်းကမ်းသတ်မှတ်ချက်ဖြင့် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် လုံးတန် | အရေအတွက် ခွဲသားတန် | စုစုပေါင်း (တန်) |
|---|---|---|---|---|
| (က) | ပုံစံ(၈)ဝင် သစ်လုံး/ခွဲသားစာရင်း | | | |
| ၁ | ကျွန်း | ၇·၀၀၆ | ၃·၅၁၂၆ | ၁၀·၅၁၈၆ |
| ၂ | ကျွန်းတံခါး/ပကာ | - | ၁·၉၇၄၂ | ၁·၉၇၄၂ |
| ၃ | သစ်မာ | ၀·၁၂၄ | ၁၃·၆၀၂၂ | ၁၃·၇၂၆၂ |
| ၄ | အင်/အခြား | ၂၅·၉၆၉၈ | ၂၄·၆၈၀၆ | ၅၀·၆၅၀၄ |
| ၅ | အင်/အခြားတိုင်/မျော | ၅၀·၂၂၉၂ | - | ၅၀·၂၂၉၂ |
| ၆ | အခြားထင်းပကာ | - | ၂·၃၇၆၀ | ၂·၃၇၆၀ |
| | **စုစုပေါင်း** | ၈၃·၃၂၉၀ | ၄၆·၁၄၅၆ | ၁၂၉·၄၇၄၆ |

(ခ)ပုံစံ(၈)ဝင် ဆက်စပ်ပစ္စည်းစာရင်း

| | | |
|---|---|---|
| ၁ | အင်ဂျင် | ၁လုံး |
| ၂ | လွှဝိုင်း | ၂ ဝိုင်း |
| ၃ | သံပီပါခွံ | ၁၇၆ လုံး |
| ၄ | အခြားဆက်စပ်ပစ္စည်း | ၆ မျိုး |

၂။ လေလံလျှောက်လွှာနှင့် လေလံစည်းကမ်းချက်များကို မုံရွာခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် တစ်စောင်လျှင် ၅၀၀ဝိ/ ကျပ်ငါးထောင်တိတိနှုန်းဖြင့် ၇-၃-၂၀၁၆ ရက်မှ ၁၁-၃-၂၀၁၆ ရက်အထိ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၁၅၃၀တွင် စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်
## လမ်းနှင့်တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်း
## လုပ်ကိုင်ခွင့်အား လေလံမဲစနစ်ဖြင့်
# ရောင်းချရန်ကြော်ငြာ

၁။ ရခိုင်ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားအသုံးပြုခကောက်ခံရေးဂိတ်များ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၁-၄-၂၀၁၆ ရက်မှ ၃၁-၃-၂၀၁၇ ရက်အထိ ၁၂လ လမ်းနှင့်တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ပါအတိုင်း လေလံမဲစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်လမ်းဂိတ်များ** — သတ်မှတ်ဈေးနှုန်း (ကျပ်သိန်း)

| | | | |
|---|---|---|---|
| (၁) စစ်တွေ | (စစ်တွေခရိုင်) | (စစ်တွေ-ရာမောင်တံတား)<br>(ရာမောင်တံတား-စစ်တွေ)<br>မင်းဘူး-အမ်း-စစ်တွေလမ်း | ၂၅၀ |
| (၂) မင်းပြား | (မြောက်ဦးခရိုင်) | (ရာမောင်တံတား-အမ်း)<br>(အမ်း-ရာမောင်တံတား)<br>မင်းဘူး-အမ်း-စစ်တွေလမ်း | ၁၃၀ |
| (၃) ခါတ်ပေါင်းစု (ကျောက်ဖြူ) | (ကျောက်ဖြူခရိုင်) | (မအီ-ကျောက်ဖြူ)<br>(ကျောက်ဖြူ-မအီ)<br>မအီ-ကျောက်ဖြူလမ်း | ၁၃၅ |
| (၄) မအီ | (သံတွဲခရိုင်) | (တောင်ကုတ်-မအီလမ်း) | ၄၅ |
| (၅) သံတွဲ(တ-သ) | (သံတွဲခရိုင်) | (သံတွဲ-တောင်ကုတ်)<br>အသွားတစ်ကြောင်း | ၅၅ |
| (၆) တောင်ကုတ်(တ-သ) | (သံတွဲခရိုင်) | (တောင်ကုတ်-သံတွဲ)<br>အသွားတစ်ကြောင်း<br>တောင်ကုတ်-သံတွဲလမ်း | ၅၀ |
| (၇) တောင်ကုတ်(ပ-တ) | (သံတွဲခရိုင်) | (တောင်ကုတ်-ပန်းတောင်း)<br>အသွားတစ်ကြောင်း<br>ပန်းတောင်း-တောင်ကုတ်လမ်း | ၉၅ |
| (၈) ဂွ | (သံတွဲခရိုင်) | (ဂွ-သံတွဲ) (ဂွ-ရေနံ့သာ)<br>ငါးသိုင်းချောင်း-ဂွလမ်း | ၅၀ |
| (၉) သံတွဲ(ဂွ) | (သံတွဲခရိုင်) | (သံတွဲ-ဂွ)အသွားတစ်ကြောင်း<br>ငါးသိုင်းချောင်း-ဂွလမ်း | ၅၅ |

(ခ) **လေလံတင်ရောင်းချမည့်တံတားဂိတ်**

| | | | |
|---|---|---|---|
| (၁) မင်းချောင်း | (စစ်တွေခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၁၆၀ |
| (၂) ကစ္ဆပနဒီ | (မြောက်ဦးခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၁၈၀ |
| (၃) ရာမောင် | (မြောက်ဦးခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၁၀၅ |
| (၄) ယောချောင်း | (မြောက်ဦးခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၉၅ |
| (၅) မြောင်းဘွေ | (မြောက်ဦးခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၄၅ |
| (၆) အမ်းကြိုး | (ကျောက်ဖြူခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၅၀ |
| (၇) မင်းကြောင်းချောင်း | (ကျောက်ဖြူခရိုင်) | (မအီ-ကျောက်ဖြူလမ်း) | ၄၅ |
| (၈) အုန်းတည်ချောင်း | (ကျောက်ဖြူခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၆၅ |
| (၉) လုံးတော်ပေါက် | (သံတွဲခရိုင်) | (တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း) | ၇၀ |

၂။ **လျှောက်လွှာတင်သွင်းရမည့်ရက်** - ၉-၃-၂၀၁၆ ရက်မှ ၁၆-၃-၂၀၁၆ ရက်အထိ
**လမ်း/တံတားလေလံရွေးချယ်မည့်ရက်/အချိန်** - ၁၈-၃-၂၀၁၆ ရက် နံနက် ၁၀ နာရီ
**လမ်း/တံတားလေလံရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၃၃၆၅၊ ၀၄၃-၂၂၁၅၃၊ ၀၉-၅၆၈၀၅၆၇

၃။ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ စစ်တွေမြို့၌ ၈-၃-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ရွှေလယ်ရွာမှ မခင်လှဲ့ရည် B.A(Eng)၊ မောင်ဇင်မင်းနိုင်၊ မောင်စိုးမိုးနိုင်(1st Math)၊ မောင်အောင်မျိုးနိုင်(တက္ကသိုလ်ဝင်တန်း)၊ မောင်ကောင်းခန့်နိုင် (တတိယတန်း)တို့၏ဖခင် ဦးထွန်း(ခ)ဦးထွန်းဦး ၅/ခဥန(နိုင်)၀၇၁၆၁၈၊ မိခင် ဒေါ်တူး(ခ)ဒေါ်တင်မာဦး ၅/ခဥန(နိုင်)၁၀၉၆၀၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်း(ခ)ဦးထွန်းဦး ၅/ခဥန(နိုင်)၀၇၁၆၁၈**
**ဒေါ်တူး(ခ)ဒေါ်တင်မာဦး ၅/ခဥန(နိုင်)၁၀၉၆၀၃**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးစက်ရုံ(အင်းရောင်း)အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလမှ မတ်လအထိ လစဉ်မီးထိုးဆီခွဲတမ်းများအား ချောက်မြို့မှ(အင်းရောင်း) စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် သယ်ယူလိုပါသည်။
၂။ **ပုံစံများစတင်ရောင်းချမည့်ရက်** - ၇-၃-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၃-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**
**ရုံးအမှတ်(၃၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၁၉၅**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း
## ချုပ်ဆိုသည့်အခွန်ထမ်းဆောင်ထိုက်သော စာချုပ်စာတမ်းများကို
## မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ
## တံဆိပ်ခေါင်းခွန်ထမ်းဆောင်စေရန်
# အသိပေးကြေညာခြင်း

၁။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် ချုပ်ဆိုခဲ့သောလုပ်ငန်း သဘောတူစာချုပ်စာတမ်းအမျိုးမျိုးတို့အနက် တည်ဆဲဥပဒေများနှင့်အညီ ကျသင့်သည့်တံဆိပ်ခေါင်းခွန် ပြည့်ဝစွာ ထမ်းဆောင်ထားမှုမရှိသော စာချုပ်များ၊ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း တံဆိပ်ခေါင်းခွန်ထမ်းဆောင်မှု မရှိသောစာချုပ်များ၊ စာချုပ်သက်တမ်းကုန်ဆုံးပြီး စာချုပ်အသစ်ထပ်မံချုပ်ဆိုရာ၌ ယခင်စာချုပ်အဟောင်းတွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားမှု မရှိခြင်း သို့မဟုတ် တံဆိပ်ခေါင်းခွန်လျော့နည်းထမ်းဆောင်ထားသော စာချုပ်များကို တည်ဆဲတံဆိပ်ခေါင်းအက်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးသော စာချုပ်စာတမ်းဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် တံဆိပ်ခေါင်းခွန် ဒဏ်ကြေးကင်းလွတ်ခွင့်ကာလကို ၃၁-၃-၂၀၁၆ရက်အထိ သတ်မှတ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။
၂။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းသဘောတူစာချုပ်များ ချုပ်ဆိုခဲ့သော်လည်း ကျသင့်သည့် တံဆိပ်ခေါင်းခွန် ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိခြင်း သို့မဟုတ် တံဆိပ်ခေါင်းခွန်လျော့နည်းထမ်းဆောင်ထားသော စာချုပ်များကို ဒဏ်ကြေးကင်းလွတ်စွာဖြင့် တံဆိပ်ခေါင်းခွန် ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ဆက်သွယ်၍ သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်သွားကြရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ဘဏ္ဍာရေးဝန်ကြီးဌာန**

---

## လမ်း/တံတား အသုံးပြုခကောက်ခံရေးလုပ်ငန်း
## လုပ်ကိုင်ခွင့်လိုင်စင်များကို မဲစနစ်ဖြင့်
# လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ လမ်းအသုံးပြုခကောက်ခံသည့်ဂိတ်(၄)ခုနှင့် တံတားအသုံးပြုခကောက်ခံသည့် ဂိတ်(၁)ခုအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ၁-၄-၂၀၁၆ရက်မှ၃၁-၃-၂၀၁၇ရက်ထိ လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များကို နိုင်ငံသားများအား မဲစနစ်ဖြင့် အောက်ပါအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့် လမ်း/တံတားဂိတ်များနှင့် ကြမ်းခင်းဈေးနှုန်း**

| | | |
|---|---|---|
| (၁) ကျိုင်းတုံဂိတ်(လမ်း) | (ကျိုင်းတုံမြို့) | ၁၃၀·၀၀သိန်း |
| (၂) တုံတာဂိတ်(လမ်း) | (တုံတာမြို့) | ၁၀၅·၀၀သိန်း |
| (၃) မိုင်းပျင်းဂိတ်(လမ်း) | (မိုင်းပျင်းမြို့) | ၁၆၀·၀၀ သိန်း |
| (၄) မိုင်းလားဂိတ်(လမ်း) | (ကျိုင်းတုံမြို့) | ၉၀·၀၀ သိန်း |
| (၅) တာဆန်းတံတားဂိတ် | (မိုင်းတုံမြို့နယ်) | ၂၀·၀၀ သိန်း |

(ခ) **လေလံဝင်ခွင့်လျှောက်လွှာထုတ်ယူရမည့်နေရာ**
တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့ (ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်)

(ဂ) **လေလံဝင်ခွင့်လျှောက်လွှာ ပိတ်သိမ်းမည့်ရက်နှင့်အချိန်**
၁၆-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ၁၂း၀၀နာရီတိတိ

(ဃ) **လေလံပွဲကျင်းပမည့် ရက်နှင့်အချိန်**
၁၇-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၀၉း၃၀နာရီ

(င) **လေလံပွဲကျင်းပမည့်နေရာ**
တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့။

၂။ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စိတ်ပါဝင်စားကြေးနှင့် ဂိတ်တစ်ခုချင်းအလိုက် သတ်မှတ် ကြမ်းခင်းဈေးနှုန်း၏ ၁၀ ရာခိုင်နှုန်းအား လေလံအာမခံကြေးအဖြစ် ပေးသွင်းရမည်ဖြစ်ပြီး ငွေပေးသွင်းခြင်း/လုပ်ကိုင်ခွင့်လိုင်စင် ရောင်းချခြင်း/လုပ်ကိုင်ခွင့်ရရှိပါက လိုက်နာရမည့် စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်များအား စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ

| | |
|---|---|
| **ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး** | **ဖုန်း-၀၈၄-၂၃၁၇၀** |
| **ဦးစီးအရာရှိ (စီမံ)** | **ဖုန်း-၀၉-၅၂၅၁၄၉၀** |

**လမ်း/တံတားလေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ချမ်းအေးအနောက်၊ မြေကွက်/ဦးပိုင်အမှတ် ၇၈ᶜ၊ ဧရိယာ ၀ဒသမ ၀၆၀ ဧကရှိ ဦးလှမြင့်(ပါ)၂ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်မြကျင် ၉/ပမန(နိုင်)၀၁၆၇၄၁ (ဘ) ဦးချစ်ပုမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ပုံစံ(၈)သစ်များနှင့် ဆက်စပ်ပစ္စည်းများရောင်းချရန်
# လေလံကြော်ငြာ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်/ခန္တီးခရိုင်အတွင်းရှိ (မော်လိုက်မြို့နယ်-ဖောင်းပြင်မြို့နယ်-ဟုမ္မလင်းမြို့နယ်များမှ) ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် ကျွန်းသစ်/ခွဲသား၊တမလန်းသစ်/ခွဲသား၊ သစ်ယာသစ်ကျွန်းတိုင်၊ တမလန်းတိုင်နှင့် အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများကို မော်လိုက်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၅-၂-၂၀၁၆ရက် နံနက် ၁၀နာရီတွင် တိုင်းဒေသကြီးကျော်၍ သယ်ယူခွင့်မပြုကြောင်း စည်းကမ်းသတ်မှတ်၍ လက်ရှိ မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ လေလံလျှောက်လွှာများကို မော်လိုက်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ပုံစံ(၈)ဝင်သစ်အတွက် တစ်စောင်လျှင် ၅၀၀ဝိ/နှုန်းနှင့် ဆက်စပ်ပစ္စည်းအတွက် တစ်စောင်လျှင် ၅၀၀ဝိ/-နှုန်းဖြင့် ၇-၃-၂၀၁၆ရက်မှ ၁၄-၃-၂၀၁၆ ရက်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**ပစ္စည်းအမျိုးအမည်**

| | | | |
|---|---|---|---|
| ၁။ | ကျွန်းသစ် | = | ၁၀·၅၈၄၀ တန် |
| ၂။ | ကျွန်းခွဲသား | = | ၂၆·၆၆၃၄ တန် |
| ၃။ | ကျွန်းပကာ | = | ၀·၀၆၂၅ တန် |
| ၄။ | တမလန်းသစ် | = | ၀·၂၉၆၀ တန် |
| ၅။ | တမလန်းခွဲသား | = | ၃၂·၇၁၂၂ တန် |
| ၆။ | သစ်ယာသစ် | = | ၇·၇၅၂၀ တန် |
| ၇။ | ကျန်အုပ်စု(၁)သစ် | = | ၉·၄၉၈၈ တန် |
| ၈။ | ကျန်အုပ်စု(၁)ခွဲသား | = | ၄၈·၀၉၃၆ တန် |
| ၉။ | ကျွန်းတိုင် | = | ၁၁၂ လုံး |
| ၁၀။ | တမလန်းတိုင် | = | ၁၆ လုံး |
| | **စုစုပေါင်း** | = | ၁၃၅·၆၆၂၅ |

အသေးစိတ်စာရင်းသိရှိလိုပါက အောက်ပါဖုန်းများတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။
**မော်လိုက်ခရိုင်ရုံး** ဖုန်း-၀၇၃-၄၂၀၄၉
**မော်လိုက်မြို့နယ်ရုံး** ဖုန်း-၀၇၃-၄၂၀၂၁

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

---

## အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနပိုင် အောက်ဖော်ပြပါသိုလှောင်ရုံ (၁)လုံး၊ အဆောက်အအုံ (၁)လုံး၊ အခန်း (၅)ခန်း၊ မြေကွက် (၂)ကွက်တို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် (၁)နှစ်သက်တမ်း (၆)လ တစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီး**
Lot (1) (၁) မော်တော်ယာဉ်စတို အမှတ် (၁/၂/၃)သုံးလုံးတွဲ (၁)လုံး၊ (၁၂၀' × ၉၀' ×၁၄') (သွပ်၊ သွပ်၊ ကွန်) မရမ်းကုန်းမြို့နယ်၊ နာဂမော်တော်ယာဉ်ဝင်း
Lot(2) (၂) လှိုင်မြို့နယ်၊ အမှတ် (၁-က)၊ ဓမ္မသုခကျောင်းလမ်းရှိ သိုလှောင်ရုံ (၁)လုံး၊ (အလျား ၁၀၀'×အနံ ၃၀')
Lot(3) (၃) အခန်း (၁)၊ (၁၅'×၃၀'×၁၄') (သွပ်၊ ပျဉ်၊ ပျဉ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၀၂)ဆန်စက်ဝင်း
Lot(4) (၄) အခန်း (၂)၊ (၁၀'×၃၀'×၁၄') (သွပ်၊ ပျဉ်၊ ပျဉ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၀၂)ဆန်စက်ဝင်း

(ခ) **မန္တလေးတိုင်းဒေသကြီး**
Lot(5) (၁) အခန်း (၁)၊ (၁၀'×၁၂'×၁၄')(သွပ်၊ အုတ်၊ ကွန်)၊ မန္တလေးမြို့ ၃၅လမ်း၊ ရန်ကြီးအောင်လမ်း၊ (၆၄×၆၅)လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး
Lot(6) (၂) အခန်း (၄)၊ (၁၀'×၁၂'×၁၄')(သွပ်၊ အုတ်၊ ကွန်)၊ မန္တလေးမြို့ ၃၅လမ်း၊ ရန်ကြီးအောင်လမ်း၊ (၆၄×၆၅)လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး

(ဂ) **ဧရာဝတီတိုင်းဒေသကြီး**
Lot(7) (၁) ဘိုကလေးမြို့နယ်၊ ကမ်းနားလမ်းရှိ၊ ပြည်သူပိုင်သိမ်းဆိုင်ခန်း (ပဆ-၇၇၀၆၀/၁၂) အခန်း (၁)ခန်း၊ (အလျား၂၀'×အနံ ၃၂')(သွပ်၊ အုတ်၊ ကွန်)
Lot(8) (၂) ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ဗိုလ်ဗထူးလမ်း၊ အမှတ် (၇)ရပ်ကွက်၊ မြေဧရိယာ (၀·၀၈၁)ဧက၊ မြေကွက် (၁)ကွက်
Lot(9) (၃) ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မြရတနာရပ်ကွက်၊ ကွင်းအမှတ် (၂၇၆)(က)၊ မြေဧရိယာ (၀·၁၃)ဧက

| | | |
|---|---|---|
| (ဃ) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၇-၃-၂၀၁၆ရက်မှ ၁၅-၃-၂၀၁၆ရက်ထိ |
| | **အချိန်** | - နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ |
| (င) | **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** | - ၁၇-၃-၂၀၁၆ရက်၊ ၁၂း၀၀နာရီ |
